မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၀၆၅ ထုတ်လုပ်ပေးနိုင်မည့် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကချင်ပြည်နယ် မိုးမောက်မြို့နယ်၌ဖွင့်

အသိပညာ၊ အတတ်ပညာဗဟုသုတများ တိုးပွားရယူနိုင်ရေး ပူးပေါင်းဆောင်ရွက် လျှပ်စစ်ဓာတ်အားကိုအသုံးချ၍ အခြားစက်မှုစီးပွားရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်



ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၃

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၏ တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ အဆိုပါ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်များကို စက်ရုံရှေ့ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်)

ကျောင်းနှင့်ကျောင်းဝန်းကျင် သန့်ရှင်းရေး အလေးထားဆောင်ရွက်

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဆောင်ရွက်ရာတွင် အခြေခံအကျဆုံး လုပ်ငန်းတစ်ရပ်မှာ ကျောင်းကျန်းမာရေးလုပ်ငန်း ဖြစ်သည်။ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျောင်းသား၊ မိဘနှင့် ဆရာ ဆရာမများ ပူးပေါင်းလက်တွဲ၍ ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းဆောင်ရွက်ခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းဖြင့် အကျိုးများစေသည့် အလွန်ကောင်းသော အစီအစဉ် ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ကျောင်းကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် အဖွဲ့အစည်းအားလုံးမှ တူညီသော ရည်မှန်းချက်၊ လုပ်နည်းလုပ်ဟန်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြရန်၊ ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ကြရန် ၁၉၉၅ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စတင်လှုံ့ဆော်ခဲ့သည်။

ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းသည် မိမိကျောင်းနှင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲတိုးတက်မြင့်မားရန် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သည်။

ကလေးငယ်များသည် အသက်ငါးနှစ်အရွယ်မှစတင်ပြီး ပညာသင်ကြားကြရာ ကျောင်းနှင့် ကျောင်းဝန်းကျင် သန့်ရှင်းရေးသည် ကျောင်းသား ကျောင်းသူလေးများအတွက် အရေးပါပြီး ငယ်စဉ်ကပင် ကျန်းမာရေးနှင့် ပြည့်စုံရန် အရေးကြီးပေသည်။

အခြေခံပညာကျောင်းများအားလုံးတွင် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ကျောင်းသားလူငယ်လေးများသည် အနာဂတ်၏ မျိုးဆက်သစ်လေးများဖြစ်ကြရာ ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်နေမှသာလျှင် နိုင်ငံ့အကျိုးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း စွမ်းဆောင်နိုင်ကြမည် ဖြစ်သည်။

သို့ဖြစ်ပေရာ အသက်ငါးနှစ်အရွယ်မှစပြီး ကျောင်းပညာသင်ကြားနေရသော ကျောင်းသား ကျောင်းသူလေးများ ကျန်းမာရေးနှင့်ပြည့်စုံရန် ဆရာ၊ မိဘပူးပေါင်း၍ ကျောင်းနှင့် ကျောင်းဝန်းကျင် သန့်ရှင်းရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အင်္ဂပူမြို့နယ်၌ ကညင်ချောင်းတံတား ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ဟင်္သာတ-ဆုံကုန်း-မြန်အောင် လမ်းပေါ်ရှိ အရှည်ပေ ၂၄၀ သံကူကွန်ကရစ် ကညင်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက တံတားဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖွင့်လှစ်ပေး

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က တံတားမုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းမှူးက ကညင်ချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးသီဟက ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိသော မရွှန်းလက်ဝင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ပျိုးထောင်

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ဇန်နဝါရီ ၁၃ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (၁၃၇)

မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံဖွင့်

ရမည်းသင်း ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး ပရဝဏ်အတွင်း မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်က အဆိုပါ အဆောက်အအုံရှေ့၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝေဝေသာ၊ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးအောင်၊ တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

လက်ခံယူ

အခမ်းအနားတွင် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်နီလာသော်၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ဌေးဌေးအောင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ရမည်းသင်းခရိုင် ဆေးရုံအုပ်ဒေါက်တာဒေါ်နီလာထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားဖွားမိခင်များအား ကြည့်ရှု၍ ဆေးဝါးများနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ အဆောက်အအုံသစ်ဆိုင်ရာ အချက်အလက်များကို (ဗဟို)ဥက္ကဋ္ဌ ဒေါ်နီလာသော်က ပေးအပ်သဖြင့် ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ယဉ်ယဉ်သိန်းက လက်ခံယူခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နှစ်ထပ်ကျောင်းဆောင်သစ် ရွှေကူမြို့နယ်၌ လွှဲပြောင်းပေးအပ်

ရွှေကူ ဇန်နဝါရီ ၂၃

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာ၌ အခြေခံပညာ မူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀နာရီက ကျင်းပရာ အခမ်းအနားတွင် ရွှေကူမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီ၊ မြို့နယ်ပညာရေးမှူး ဒေါ်လုမိုင်နှင့် ငါးဘတ်ကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချိုဦးတို့က အမှာစကားပြောကြားကြပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဆန်းဝင်းက ကျောင်းဆောက်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဘတ်ကြီးကျေးရွာ အမက(လွန်) ကျောင်းအုပ်ဆရာကြီး ဦးလှိုင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျေးရွာဥက္ကဋ္ဌ ဦးချိုဦးက နှစ်ထပ်ကျောင်းဆောင်သစ်နှင့်ပတ်သက်သော အချက်အလက်များကို မြို့နယ်ပညာရေးမှူး ဒေါ်လုမိုင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

တပ်ကုန်းမြို့နယ်၌ စာပေဟောပြော

တပ်ကုန်း ဇန်နဝါရီ ၂၃

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာတွင် ၁၃၇၂ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပထမအကြိမ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၉ ရက် ည ၇ နာရီက ရှားတောကျေးရွာ အလယ်တန်းကျောင်းခွဲ ကွင်းပြင်၌ ကျင်းပရာ ဟောပြောပွဲတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးထွန်းကြည်က ဖတ်ကြားသည်။

ထို့နောက် ကျေးလက်စာကြည့်တိုက်သို့ မောင်ကြည်မူ(ပျဉ်းမနား)က ဂျာနယ်မျိုးစုံစောင်ရေ ၄၀ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးလှစိုးက လက်ခံယူပြီး စာရေးဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)နှင့် ဆရာနွမ်ဂျာသိုင်းတို့က စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

● ***ရှေ့ဖုံးမှ***

အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang (Yunnan) United Hydropower Developing Co.,Ltd. (DUHD) တို့ JV/BOT စနစ်ဖြင့် နှစ်ဖက်အကျိုးတူ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် တာပိန်(၁)ရေအားလျှပ်စစ် စီမံကိန်းကြီးနှင့် ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

အခြေခံအကျဆုံး

မိမိတို့နိုင်ငံအနေဖြင့် မည်သည့်ခေတ် မည်သည့်အချိန်ဖြစ်စေ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများ၏အခြေခံအကျဆုံး အဓိက လိုအပ်ချက်သည် တည်ငြိမ်အေးချမ်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးတို့ပင်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး တည်ငြိမ်အေးချမ်းသာယာရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၉ရက်တွင် လုပ်ငန်းစတင်ခြင်း အခမ်းအနားကျင်းပ၍ လုပ်ငန်းများ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ယနေ့ ဖွင့်လှစ်နိုင်ပြီဖြစ်သည့်အတွက် သုံးနှစ်နှင့် တစ်လအတွင်း အပြီးတည်ဆောက်နိုင်ခဲ့သည့် စီမံကိန်းဖြစ်ကြောင်း၊ ကချင်ပြည်နယ်အတွင်းတွင် တည်ဆောက်အကောင်အထည်ဖော်နေသည့် ရေအားလျှပ်စစ်စီမံကိန်းကြီး ၁၈ခု၏ စက်တပ်ဆင်အင်အားသည် စုစုပေါင်း ၂၀၇၆၀ မဂ္ဂါဝပ် ရှိမှာဖြစ်ပြီး ၎င်းစီမံကိန်းများထဲတွင် ယခု တာပိန်(၁) စီမံကိန်းသည် ပထမဆုံး စတင်ဖွင့်လှစ်နိုင်သော စီမံကိန်း ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် စက်တစ်လုံးလျှင် တပ်ဆင်စက်အင်အား ၆၀ မဂ္ဂါဝပ်ရှိ စက်လေးလုံးပါဝင်ပြီး စုစုပေါင်း တပ်ဆင်စက်အင်အား ၂၄၀ မဂ္ဂါဝပ် နှင့် နှစ်စဉ် ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၀၆၅ ကို ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း၊ ၎င်းစီမံကိန်းကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာ-တရုတ် အိမ်နီးချင်းနှစ်နိုင်ငံ၏ အပြန်အလှန်နားလည်မှု၊ ချစ်ကြည်စွာပူးပေါင်း

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာပိန်(၁) ရေအားလျှပ်စစ် ဓာတ်အားပေး စက်ရုံ ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ဆောင်ရွက်မှုများကြောင့်ဖြစ်ပြီး အကျိုးကျေးဇူးအနေဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ပြည်သူများ လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း၊ အနီးပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ခြင်းနှင့် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်စေခြင်းစသည့် အကျိုးခံစားခွင့်များ ရရှိသည်ဖြစ်သဖြင့် ၎င်းစီမံကိန်းကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုကြောင်း။

ကချင်ပြည်နယ်အတွင်းက ရေသယံဇာတများကို ယခုကဲ့သို့ အကျိုးရှိစွာ အသုံးချသွားနိုင်ရေးအတွက် ဧရာဝတီမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်း ၁၈ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ယခုတာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ပင် အခြားနောက်ထပ်စီမံကိန်းများသည်လည်း တစ်ခုပြီးတစ်ခု ပြီးစီးသွားမည်ဖြစ်သဖြင့် မကြာမီကာလအတွင်း ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ အစီအရီ ပေါ်ထွက်လာတော့မည် ဖြစ်ကြောင်း။

နိုင်ငံတော်အား ယခုကဲ့သို့ နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရင်ပေါင်တန်းနိုင်ရေးအတွက် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်း လက်နက်ကိုင်ဆန့်ကျင်ဘက်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရေးအတွက် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ လက်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်အောင်လည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ချိန်တည်းတွင် ခေတ်နောက်ကျနေသော နိုင်ငံတော်ကြီးကို ခေတ်မီနိုင်ငံတော်အဖြစ် ရောက်ရှိလာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ၎င်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်ရေးအတွက် နိုင်ငံတော်နှင့် ပြည်တွင်းပြည်ပ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နိုင်ရေးများကို အားပေးဆောင်ရွက်လျက်ရှိနေကြောင်း။

ဖွင့်လှစ်နိုင်

မိမိတို့ နိုင်ငံတော်သည် သဘာဝပထဝီအနေအထားအရ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သည့် ရေအရင်းအမြစ်သယံဇာတများ ပေါကြွယ်ဝစွာ တည်ရှိသော်လည်း ရေအားလျှပ်စစ်စီမံကိန်းကြီးများအတွက် ဘဏ္ဍာငွေအမြောက်အမြားရင်းနှီးမြှုပ်နှံရခြင်း၊ ကာလကြာရှည် အချိန်ယူတည်ဆောက်ရခြင်းစသည့် ကန့်သတ်ချက်များရှိနေသဖြင့် ၁၉၈၈ခုနှစ်မတိုင်မီ မြန်မာနိုင်ငံတွင် ဘီလူး

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ချောင်း(၂)(လောပိတ)ရေအားလျှပ်စစ်စက်ရုံ ၁၆၈မဂ္ဂါဝပ်နှင့် ကင်းတားရေအားလျှပ်စစ်စက်ရုံ ၅၆မဂ္ဂါဝပ် နှစ်ရုံသာရှိခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းတွင် ရေအားလျှပ်စစ်စက်ရုံများ ဆက်တိုက်ဆောက်လုပ်ခဲ့ပြီး တစ်ခုပြီးတစ်ခု ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၅ရက်က ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း ၇၉၀ မဂ္ဂါဝပ် အပါအဝင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၁၅ခုနှင့် တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ရုံ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၁၆ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခုဖွင့်လှစ်သည့် တာပိန်(၁)ရေအားလျှပ်စစ်စက်ရုံ ၂၄၀ မဂ္ဂါဝပ်နှင့် ဆိုလျှင် ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၁၇ရုံ စုစုပေါင်းတပ်ဆင် စက်အင်အား ၂၅၇၁ မဂ္ဂါဝပ်တို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း။

၎င်းတာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်းကြီးကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် Datang (Yunnan) United Hydropower Developing Co.,Ltd. (DUHD) တို့သည် JV/BOT စနစ်ဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ... အဆင့်မြင့်နည်းပညာများ ထိထိရောက်ရောက် အသုံးချနိုင်သည့် တတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးမှာလည်း ဟန်ချက်ညီညီ တိုးတက်ရန် လိုအပ်နေသည့်အတွက် ယခုကဲ့သို့ စီမံကိန်းများတွင် ပြည်ပကျွမ်းကျင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ကြရာ၌ အသိပညာ၊ အတတ်ပညာ ဗဟုသုတများ တိုးပွားရယူနိုင်ရေးကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် လျှပ်စစ်ဓာတ်အားကို အသုံးချ၍ အခြားစက်မှုစီးပွားလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်ကြရေးကိုလည်း စီစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယခုကဲ့သို့ တာပိန်(၁) ရေအားလျှပ်စစ် စီမံကိန်းနှင့် စက်ရုံကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Datang (Yunnan) United Hydropower Developing Co.,Ltd.(DUHD) တို့မှ ကျွမ်းကျင်ပညာရှင်များ၊ ပူးပေါင်း ပါဝင်သော ပြည်တွင်းကုမ္ပဏီတို့နှင့် အခမ်းအနားတက်ရောက်ကြသော ပြည်သူလူထုအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဇေယျာအောင်က အမှာစကားပြောကြားရာတွင် မိမိတို့ ကချင်ပြည်နယ်အတွင်းတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကုမ္ပဏီများဖြစ်သည့် DUHD ၊ CPI ၊ YPIC စသည့် ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေအားလျှပ်စစ်စီမံကိန်း စုစုပေါင်း ၁၈ခု ရှိရာ စီမံကိန်းအားလုံးပြီးစီးသွားပါက ကချင်ပြည်နယ်သည် နိုင်ငံတော်အတွက် လိုအပ်သောလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးရာ အဓိကပြည်နယ်ဖြစ်လာတော့မည် ဖြစ်ကြောင်း။

အထူးဂရုပြုလမ်းညွှန်

ယခု တာပိန်ရေအားလျှပ်စစ်စီမံကိန်း အမှတ်(၁)သည် ပထမဦးဆုံး ပြီးမြောက်အောင်မြင်သော စီမံကိန်းတစ်ခုဖြစ်၍ ကချင်ပြည်နယ်အတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ယနေ့ခေတ်သစ်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် လျှပ်စစ်ဓာတ်အားနှင့် လမ်းပန်းဆက်သွယ်ရေးဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲမှလည်း ၎င်းအချက်များကို အထူးဂရုပြုလမ်းညွှန်ပေးခဲ့သဖြင့် ၁၉၈၈ခုနှစ် နောက်ပိုင်းတွင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် လမ်းကွန်ရက်များ အများအပြားပေါ်ပေါက်လာခဲ့ကြောင်း။

နိုင်ငံတော်အတွင်း အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ဆောင်ရွက်လျက်ရှိရာတွင် ပါဝင်သည့် ဗန်းမော်ခရိုင်သည် စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းများကို လျှပ်စစ်ဓာတ်အား မလုံလောက်မှုကြောင့် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့ရသော်လည်း ယခုအချိန်တွင် အဆိုပါ အခြေအနေမှ စတင်လွန်မြောက်နေပြီဖြစ်ကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၁ သို့*

တပ်မတော်အစိုးရ လက်ထက်၌ ယနေ့ ဖွင့်လှစ်သည့် တာပိန်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ အပါအဝင် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံ ၁၄ရုံ၊ ကျောက်မီးသွေး ဓာတ်အားပေး စက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံ၊ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၂၂ရုံ ထပ်မံတိုးတက် တည်ဆောက်နိုင်ခဲ့ပြီး စုစုပေါင်း စက်တပ်ဆင်အား ၂၇၅၆ မဂ္ဂါဝပ် တိုးတက်ရရှိခဲ့ပြီးဖြစ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာပိန်(၁) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

ဖြည့်ဆည်းဆောင်ရွက်

ဤစီမံကိန်းကြီးများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး ရရှိလာသော အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ရရှိခံစားနိုင်ရေးအတွက် အခြေခံလိုအပ်ချက်သည် တည်ငြိမ်အေးချမ်းမှုနှင့် တိုင်းရင်းသားအချင်းချင်းစည်းလုံးချစ်ခင်မှုဖြစ်၍ ဤအခြေခံလိုအပ်ချက်ကို ဒေသခံ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရေးဆွဲဖော်ဆောင်

ဤစီမံကိန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းသည် မြန်မာ-တရုတ် အိမ်နီးချင်းနှစ်နိုင်ငံ၏ အပြန်အလှန်နားလည်မှု၊ ချစ်ကြည်စွာပူးပေါင်းဆောင်ရွက်မှုများကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲနိုင်ရေးအတွက် ၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်၍ အနှစ် (၃၀) လျှပ်စစ်မဟာဗျူဟာနှစ်ရှည်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နည်းလမ်းသုံးခုဖြစ်သော လျှပ်စစ်စီမံကိန်းများကို ဝန်ကြီးဌာနများကိုယ်တိုင်တည်ဆောက် အကောင်အထည်ဖော်ခြင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများကို ပုဂ္ဂလိကလုပ်ကိုင်ခွင့်ပြုပေး၍ အကောင်အထည်ဖော်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်းတည်ဆောက် အကောင်အထည်ဖော်ခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

ယခုအခါ ဝန်ကြီးဌာနကတည်ဆောက်လျက်ရှိသော စက်တပ်ဆင်အား ၃၃၃၇ မဂ္ဂါဝပ် ရှိသည့်စီမံကိန်း ၁၄ခု၊ တိုင်းရင်းသားလုပ်ငန်းရှင်များက တည်ဆောက်လျက်ရှိသော စက်တပ်ဆင်အား ၅၈၆ မဂ္ဂါဝပ် ရှိသည့်စီမံကိန်း ကိုးခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်လျက်ရှိသော စက်တပ်ဆင်အား ၄၁၅၄၅ မဂ္ဂါဝပ် ရှိသည့် စီမံကိန်း ၄၄ခု စုစုပေါင်းစက်တပ်ဆင်အား ၄၅၄၆၈ မဂ္ဂါဝပ်ရှိသည့်စီမံကိန်း ၆၇ခု တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဤသို့ အကောင်အထည်ဖော်နေသော စီမံကိန်းများသည်လည်း ကာလအပိုင်းအခြားအလိုက် နှစ်(၃၀) စီမံကိန်းကာလမတိုင်မီ ပြီးစီးသွားကြမှာဖြစ်၍ လျှပ်စစ်စွမ်းအားများကို အနာဂတ်ကာလတွင် ပိုမိုတိုးတက်သုံးစွဲသွားနိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ DUHD ကုမ္ပဏီဥက္ကဋ္ဌကိုယ်စား China Datang Oversea Investment Co., Ltd. ဥက္ကဋ္ဌ Mr.Wu Jing က တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကချင်ပြည်နယ်အတွင်း ရေသယံဇာတများ အကျိုးရှိစွာ အသုံးချသွားနိုင်ရေး ဧရာဝတီမြစ်ဝှမ်း ရေအားလျှပ်စစ် စီမံကိန်း ၁၈ ခု အကောင်အထည်ဖော်လျက်ရှိ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပင်မတာမံရှုရပ်မှ ကွန်ကရစ်ရေထိန်းပင်မတာမံ၊ ရေယူအဆောက်အအုံနှင့် ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်းက ရှင်းလင်းတင်ပြရာတွင် တာပိန်(၁) ရေအားလျှပ်စစ်စက်ရုံတွင် စက်တစ်လုံးလျှင် ၆၀ မဂ္ဂါဝပ် တပ်ဆင်အားရှိသော စက်လေးလုံးပါဝင်ပြီး ပထမ စက်တစ်လုံးကို ၂၀၁၀ခုနှစ် စက်တင်ဘာလ ၁၈ရက်မှစ၍ စတင်လည်ပတ်ပြီး ဗန်းမော်၊ မန်စီ၊ မိုးမောက်နှင့် ရွှေကူမြို့များသို့ ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း။

ထို့နောက် ဒေသခံပြည်သူတစ်ဦးက တာပိန်(၁)ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်း၊ *စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

24-1 (04).pmd 1 1/24/2011, 6:03 AM

ပြသမှုစနစ်များ အဆင့်မြင့်မားလာရေး ခေတ်မီရုပ်ရှင်ရုံများပေါ်ပေါက်အောင် အားပေးလျက်ရှိ

ရုပ်ရှင်ဇာတ်ကားများရိုက်ကူးထုတ်လုပ်မှု အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်မြင့်မားလာ

အခြေခံကောင်းများကို အခြေခံပြီး ရုပ်ရှင်လောက အဆင့်အတန်းမြင့်မားတိုးတက်ရေး ကြိုးပမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြစဉ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

◆ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ် အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင် အနုပညာရှင်များ၊ အတတ်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်အသံဆုရရှိသော ဆန်းဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို စုံစုံညီညီ သိုက်သိုက်ဝန်းဝန်း ကြွရောက်အားပေးကြသည့်အတွက် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုကြောင်း။

အားပေးချီးမြှင့်

ယနေ့ညကျင်းပသည့် အခမ်းအနားတွင် ၂၀၀၉ခုနှစ်အတွင်း ထုတ်လုပ်ရုံတင်ပြသခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့် အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး အကယ်ဒမီထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုများကို ၁၉၅၂ ခုနှစ်ကတည်းက စတင်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် မူလပေးအပ်ချီးမြှင့်ခဲ့သည့် အကယ်ဒမီဆုအမျိုးအစား ခုနစ်မျိုးမှသည် ဆုအမျိုးအစားပေါင်း ၁၁ မျိုးအထိ တိုးမြှင့်သတ်မှတ်ပြီး ယခင်နှင့်မတူ ကျယ်ကျယ်ပြန့်ပြန့် ထိုက်ထိုက်တန်တန် အားပေးချီးမြှင့်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ ရုပ်ရှင်ဇာတ်ကားတစ်ကား ရိုက်ကူးရာတွင် ပါဝင်ကြရသည့် သရုပ်ဆောင်အပိုင်း၊ အနုပညာအပိုင်း၊ အတတ်ပညာအပိုင်း၊ အသိပညာအပိုင်း အားလုံးသည် အကယ်ဒမီဆုများ ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုရရှိသော ကိုကိုငွေအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်အစိုးရက ယခုကဲ့သို့ ဆောင်ရွက်ချီးမြှင့်ခြင်းသည်-

- **ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ၏ ထူးချွန်စွာ ထမ်းဆောင်ကြိုးပမ်းမှုများကို နိုင်ငံတော်က အသိအမှတ်ပြုရန်၊**
- **ထူးချွန်ဆုရရှိသူ ပညာရှင်များကို အားကျအတုယူကာ ကျန်ရုပ်ရှင် ပညာရှင်များကပါ အားထုတ်ကြိုးပမ်းလာကြစေရန်၊**
- **ထိုသို့ ကြိုးစားလာကြသည်နှင့်အမျှ မြန်မာ့ရုပ်ရှင်အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေပြီး နိုင်ငံတကာအဆင့်မီကာ ပြည်ပသို့ ထိုးဖောက်ပြသနိုင်ရန်၊**
- **ထိုသို့ အောင်မြင်လာသည်နှင့်အမျှ ရုပ်ရှင်လောကသားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရန်**

တို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုရရှိသော စိုးပြည့်သဇင်အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ညှိနှိုင်းဝယ်ယူ

နိုင်ငံတော်အစိုးရအနေဖြင့် အထက်ပါအတိုင်း ချီးမြှင့်ဆောင်ရွက်ပေးမှုများအပြင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း ရုပ်ရှင်ကားများ ရိုက်ကူးရာတွင် နိုင်ငံတကာအဆင့်မီ ရိုက်ကူးနိုင်စေရေးအတွက် နောက်ဆုံးပေါ်ရုပ်ရှင်ရိုက်ကင်မရာနှင့် အသံဖလင် ဆေးစိမ်စက်၊ ***စာမျက်နှာ ၆ ကော်လံ ၁သို့***

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုရရှိသော မြင့်ဦးဦးမြင့်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရရှိသော ဓီရာမိုရ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသော နေတိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရရှိသော ဇော်မင်း(ဟံသာမြေ)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရရှိသော စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုရရှိသော မီးပွားအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

စတီရီယို အသံကူးပြောင်းစက်၊ အရောင်ခွဲစက်၊ ရုပ်ရှင်ဖလင်ကားကူးစက်တို့ကို ဝယ်ယူတပ်ဆင်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ထို့အပြင် ခေတ်မီ မီးပိုင်းဆိုင်ရာပစ္စည်းများနှင့် အသံပိုင်းဆိုင်ရာ ပစ္စည်းများကိုလည်း ညှိနှိုင်းဝယ်ယူလျက်ရှိရာ မကြာမီ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း။

ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများက ထားရှိဆောင်ရွက်ရမည့် ရည်ရွယ်ချက်(၅)ရပ်၊ လုပ်ငန်းစဉ်(၁၂)ရပ်နှင့် လတ်တလော အဓိကထား အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်(၅)ရပ်တို့ကိုလည်း ချမှတ်အကြံပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက်လည်း လိုအပ်ချက်များကို တတ်နိုင်သမျှ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အရည်အသွေးမြှင့်တင်

တစ်ဖက်က ရုပ်ရှင်အစည်းအရုံးအနေဖြင့်လည်း ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး နည်းလမ်းများ ရှာကြံဆောင်ရွက်လျက်ရှိသကဲ့သို့ ဒါရိုက်တာ၊ သရုပ်ဆောင်၊ ဓာတ်ပုံ၊ ဇာတ်ညွှန်း စသည့် ရုပ်ရှင်ပညာဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချသင်ကြားပြီး ရုပ်ရှင်လောကသားများ၏ အရည်အသွေး မြင့်မားလာအောင် မြှင့်တင်ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အလားတူ ပြည်ပရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်ပညာ နှီးနှောဖလှယ်ပွဲများသို့လည်း ရုပ်ရှင်အစည်းအရုံး အမှုဆောင်လူကြီးများနှင့် ရုပ်ရှင်လောကသားများ တက်ရောက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ရုပ်ရှင်ဆိုင်ရာ နည်းပညာများရရှိလာအောင်၊ ပူးပေါင်းရိုက်ကူးထုတ်လုပ်နိုင်အောင်၊ မြန်မာ့ရုပ်ရှင်ကားများ ပြည်ပကို ထိုးဖောက်နိုင်အောင် စသည်ဖြင့် ကြိုးပမ်းဖော်ဆောင် ပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်ရေး

ယခုလို နိုင်ငံတော်၊ ဝန်ကြီးဌာန၊ အစည်းအရုံးနှင့် လောကသားများက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်မှု အရေအတွက်ရော၊ အရည်အသွေးပါ တိုးတက်မြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ မကြာမီကာလအတွင်းမှာ မြန်မာရုပ်ရှင်ကား နှစ်ကားကို ပြည်ပနိုင်ငံများတွင် ပြသနိုင်တော့မည်ဖြစ်ပြီး ဈေးကွက်အဆက်အသွယ်များ ရရှိလာတော့မည်လည်း ဖြစ်ကြောင်း၊ ထို့အတူ နှစ်နိုင်ငံ ရုပ်ရှင်ဇာတ်ကား၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ပူးတွဲထုတ်လုပ်ပြီး နှစ်နိုင်ငံစလုံးမှာ ပြသရေးလုပ်ငန်းများလည်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ ဤအခြေအနေများသည် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်း၊ အစကောင်းများဖြစ်သည်ဟု ယူဆမိကြောင်း။

ထို့ကြောင့် ရုပ်ရှင်လောကသားအားလုံးအနေဖြင့်လည်း ဒီအခြေခံကောင်းများကိုအခြေခံပြီး ရုပ်ရှင်လောကအဆင့်အတန်းမြင့်မား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

နည်းပညာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတကာ ရုပ်ရှင်လောကသည်လည်း တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်နေကြောင်း၊ ရုပ်ရှင်ကားများကို Digital နည်းစနစ်၊ နည်းပညာ အထူးပြုလုပ်ချက်များနှင့်ပေါင်းစပ်ပြီး အံ့မခန်းထူးခြားဆန်းပြားအောင်၊ အဘက်ဘက်မှ ဆွဲဆောင်မှုရှိအောင်၊ စိတ်ဝင်စားမှုကို တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်ဆွဲဆောင်နိုင်အောင် ရိုက်ကူးတင်ဆက်နေကြပြီဖြစ်ကြောင်း၊ စိတ်ကူးဉာဏ် ကွန့်မြူးနိုင်သလောက် လှုပ်ရှားမှု၊ မြင်ကွင်း၊ အရောင်၊ အသံတို့ အမီလိုက်ပြီး အံ့မခန်းအဆန်းတကြယ် ပုံဖော်ရိုက်ကူးထုတ်လုပ်နေကြပြီဖြစ်ကြောင်း၊ ပြသမှုအပိုင်းမှာလည်း ပိုမိုအရည်အသွေးမြင့်မားကောင်းမွန်သည့် E-Cinema စနစ်၊ Digital Cinema စနစ်များကို အသုံးပြုနေကြပြီဖြစ်ကြောင်း။

ဆက်တိုက်ပေါ်ပေါက်လာ

ထို့ကြောင့် ခေတ်စနစ်နှင့်အညီ မိမိတို့နိုင်ငံတွင်လည်း အလားတူ Digital စနစ် အသုံးပြုရိုက်ကူးနိုင်ရေး၊ နည်းပညာအထူးပြုလုပ်ချက်များဖြင့် ပေါင်းစပ်ရိုက်ကူးနိုင်ရေးတို့ကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ခေတ်မီ Studio များ ပေါ်ပေါက်လာအောင်လည်း ကြိုးပမ်းလျက်ရှိကြောင်း၊ ရုပ်ရှင်ပြသမှုစနစ်များ အဆင့်မြင့်မားလာရေးအတွက်လည်း ခေတ်မီရုပ်ရှင်ရုံများ ပေါ်ပေါက်လာအောင် အားပေးလျက်ရှိသည့်အတွက် ယခုအခါ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး စသည့်မြို့ကြီးများမှာ ခေတ်မီရုပ်ရှင်ရုံများ ဆက်တိုက်ပေါ်ပေါက်လာနေပြီဖြစ်ကြောင်း။

ထို့အပြင် မကြာမီကာလအတွင်း မြန်မာနိုင်ငံအနှံ့ ရုပ်ရှင်၊ ဗီဒီယိုကားများကို E-Cinema စနစ်နှင့် စတင်ပြသနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ရုပ်ရှင်ဇာတ်ကားများ၊ ဗီဒီယိုဇာတ်ကားများကို တောရော မြို့ပါမကျန် ပြိုင်တူကြည့်ရှုနိုင်ခွင့်ရကြတော့မည်ဖြစ်သည့်အပြင် အရုပ်၊ အရောင်၊ အသံအရည်အသွေးများကိုလည်း ပိုမိုမြင့်မားကောင်းမွန်စွာ ကြည့်ရှုခံစားနိုင်ကြတော့မည် ဖြစ်ကြောင်း။

ယနေ့အခါ နိုင်ငံတော်တွင် မူလထုတ်လွှင့်သည့် MRTV၊ မြဝတီရုပ်မြင်သံကြားလိုင်းများအပြင် DVB-T ရုပ်မြင်သံကြားလိုင်းများ၊ DTH ရုပ်မြင်သံကြားလိုင်းများကိုလည်း ထပ်တိုးထုတ်လွှင့် ***စာမျက်နှာ ၇ ကော်လံ ၁သို့***

စာမျက်နှာ ၆ မှ

ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တစ်ဖက်က ပြည်သူများအနေဖြင့် ရွေးချယ်နိုင်ခွင့်၊ အသိဗဟုသုတ ပိုမိုရနိုင်ခွင့်နှင့် ရုပ်ရှင်၊ ရုပ်မြင်သံကြားဇာတ်လမ်း၊ ဂီတစသည့် ဖျော်ဖြေမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ခံစားခွင့်ရရှိလာကြသကဲ့သို့ တစ်ဖက်က နိုင်ငံတော်အပိုင်းမှာလည်း Media စနစ်သည် ခေတ်နှင့်အညီ တိုးတက်ပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့်အဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း။

အားပေးကူညီ

ယခုလို ရုပ်မြင်သံကြားလိုင်းများ များပြားလာသည်နှင့်အညီ ယင်းလိုင်းများတွင် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ ဗီဒီယိုဇာတ်ကားများ၊ မြန်မာတေးသီချင်းများအတွက် ပြသခွင့် ပိုမိုကျယ်ပြန့်စွာ ရရှိလာခဲ့ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ ဂီတ၊ စာပေ၊ သဘင် အနုပညာလောကသားများ အားလုံးအတွက်လည်း အနုပညာဖန်တီးခွင့် Platform များ ပိုမိုကျယ်ပြန့်ရရှိလာစေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တိုးတက်လာသော ရုပ်သံလိုင်းများတွင် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ ဗီဒီယိုဇာတ်ကားများ ပိုမိုပြသနိုင်အောင်နှင့် မြန်မာရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူးထုတ်လုပ်ပြသနိုင်အောင်လည်း ဆက်လက်ပြီး အားပေးကူညီသွားမည်ဖြစ်ကြောင်း။

သို့သော် မြန်မာ့ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများ၏ အရည်အသွေး၊ အဆင့်အတန်းသည် ယနေ့ ရေ့ကပြေးနေသော ဟောလီးဝုဒ်၊ ဘောလီးဝုဒ်၊ တရုတ်၊ ကိုရီးယားဇာတ်ကားများ၊ ဇာတ်လမ်းတွဲများနှင့် ယှဉ်ပြိုင်နိုင်ပြီး စံချိန်မီမှသာ မြန်မာဇာတ်ကားများ၊ ဇာတ်လမ်းတွဲများကို မြန်မာပြည်သူများက နှစ်သက်၊ လက်ခံအားပေးကြည့်ရှုကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကသားများအနေဖြင့် နိုင်ငံတကာဇာတ်ကားများနှင့် အနုပညာအရည်အသွေး ယှဉ်နိုင်အောင်၊ အမီလိုက်နိုင်အောင်၊ နောက်... ကျော်လွန်နိုင်အောင် အစဉ်တစိုက် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ တစ်ဆက်တည်း ရုပ်ရှင်လောကသားအားလုံးကို အထူးမှာကြားလိုသည်မှာ မြန်မာ့ရုပ်ရှင်လောကနှင့် လောကသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားမယ်ဆိုလျှင် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ၏ အရည်အသွေးအဆင့်အတန်းမြင့်မားရေးနှင့် ဈေးကွက်ကျယ်ပြန့်ရေးတို့သည် အဓိကဖြစ်သည်၊ အခြေခံဖြစ်သည်ဆိုသည်ကို အားလုံး သဘောပေါက်နားလည် ခံယူကြပြီး အစွမ်းကုန် ပူးပေါင်းလက်တွဲ ကြိုးစားကြစေချင်ကြောင်း၊ ယခုလို တိုးတက်အောင်မြင်ရန်အတွက် အခြားဖြတ်လမ်းမရှိဘူးဆိုသည်ကိုလည်း အားလုံးသတိပြုကြစေချင်ကြောင်း။

ရွေးချယ်

ရုပ်ရှင်လောကသားများအနေဖြင့် ယခုလို လုပ်ငန်းများတိုးတက်အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရာတွင် အခက်အခဲများ၊ ဝိရောဓိများ အများအပြားနှင့် ကြုံတွေ့ကောင်းကြုံတွေ့ကြမည်ဖြစ်ကြောင်း၊ သို့သော် တစ်ခါတစ်ရံ ဝိရောဓိဆိုသည်မှာ တိုးတက်ရန်၊ နည်းလမ်းမှန်ကိုရောက်ရန်နှင့် အောင်မြင်မှုရရှိရန်အတွက် ဆွေးနွေးကြရ၊ ငြင်းခုံကြရတာမျိုးလည်းဖြစ်နေတတ်ကြောင်း၊ ထို့ကြောင့် အလုပ်ကိုလုပ်ရင်း အပြန်အလှန် တိုင်ပင်ညှိနှိုင်းဆွေးနွေးပြီး တိုးတက်အောင်မြင်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း၊ ယခုလိုတိုင်ပင်ညှိနှိုင်းကြရာတွင်လည်း နည်းလမ်းအမျိုးမျိုးရှိနိုင်သည့်အတွက် ယင်းနည်းလမ်းများအနက် အကျိုးကများပြီး အပြစ်နည်းသော နည်းလမ်းကောင်းကို ရွေးချယ်နိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ကြုံတွေ့လာသော အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးဆိုသော ရည်ရွယ်ချက်၊ အတ္တပရ မျှတစွာ ဆောင်ရွက်မှု၊ ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှုဆိုသည့် အချက်များကို အခြေခံပြီး ပူးပေါင်းဖြေရှင်း ဆောင်ရွက်သွားကြမည်ဆိုလျှင် မအောင်မြင်နိုင်စရာမရှိဘူးဟု ယုံကြည်မိကြောင်း၊ ယခုလို အောင်မြင်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်သည့် အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်လေ့လာကြည့်မည်ဆိုလျှင် ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောကအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ညီညီညွတ်ညွတ် သိုက်သိုက်ဝန်းဝန်း ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာကောင်းကို တွေ့ရှိရကြောင်း၊ ရုပ်ရှင်လောကသားများ၏ ကြိုးပမ်းစွမ်းဆောင်ခဲ့မှုများကို ပြန်လည်သုံးသပ်ကြည့်လျှင် -

- **ရုပ်ရှင်လောကသားများသည် စစ်ကြိုခေတ်ကာလအတွင်း နည်းပညာအခက်အခဲ၊ ပစ္စည်းပစ္စယအခက်အခဲတွေကြားမှ ရုပ်ရှင်လုပ်ငန်းကို စတင်ခဲ့ကြပြီး ခေတ်အဆက်ဆက်ရုန်းကန်တည်ဆောက်ရင်း အသံတိတ်ခေတ်မှသည် ယနေ့ခေတ် ရုပ်ရှင်အဆင့်အတန်းအခြေအနေထိ မရောက် ရောက်အောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊**
- **ထို့အပြင် ရုပ်ရှင်လောကသားများအနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှုအကြိုကာလတစ်လျှောက်လုံးတွင် နယ်ချဲ့နှင့်ဖက်ဆစ်တို့၏ အမျိုးမျိုးသော ဖိနှိပ်မှုများအကြားမှ မြန်မာပြည်သူများ အမျိုးသားရေးစိတ်ဓာတ် နိုးကြားတက်ကြွလာအောင်၊ လွတ်လပ်ရေးစိတ်ဓာတ်ပေါက်ပွားရှင်သန်လာအောင် ရုပ်ရှင်အနုပညာစွမ်းအားဖြင့် စွမ်းစွမ်းတမံ မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုကြမည်ဖြစ်ကြောင်း၊**
- **အလားတူ နယ်ချဲ့နှင့် ဖက်ဆစ်ကိုတော်လှန်သည့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် ရုပ်ရှင်အနုပညာဖြင့် နယ်ချဲ့၊ ဖက်ဆစ်ကို ဆန့်ကျင်ခဲ့ကြရုံမက ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲ တိုက်ခိုက်ခဲ့ကြသော သမိုင်းစာမျက်နှာများလည်း ရှိခဲ့ကြောင်း၊**
- **ထို့အပြင် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့ရသည့် ကာလများနှင့် ယနေ့ နိုင်ငံတော်သစ် တည်ဆောက်ရေးကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် မိမိတို့ ကျရာအခန်းကဏ္ဍမှ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရေးတာဝန်နှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတာဝန်များကို အမျိုးသားရေးအသိဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။**

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား တွေ့ရစဉ်။ (မြန်မာ့အလင်း)

ထို့ကြောင့် မြန်မာ့ရုပ်ရှင်သမိုင်းသည် အစဉ်အဆက် ဂုဏ်ရောင်ထွန်းပြောင်ခဲ့ပြီး မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရုံမျှမက နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကိုပါ ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင် ထမ်းဆောင်ခဲ့ကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ယနေ့ကြိုးပမ်းအကောင်အထည်ဖော်နေသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင်လည်း ရုပ်ရှင်လောကသားများအနေဖြင့် ကျရာအမျိုးသားရေးတာဝန်များကို ကျေပွန်အောင်မြင်အောင် ကြိုးပမ်းထမ်းဆောင်ရင်း အစဉ်အလာထွန်းပြောင်ခဲ့သည့် မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို ထိန်းသိမ်းသွားနိုင်ကြလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

မီဒီယာသမားကောင်းများ

ယနေ့အခါ ကမ္ဘာ့နိုင်ငံအသီးသီးသည် အရာရာကို မိမိတို့၏ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီးမှသာ ဆုံးဖြတ်ဆောင်ရွက်နေကြသည်ကို တွေ့မြင်နေကြရကြောင်း၊ အလားတူ မိမိတို့နိုင်ငံတွင်လည်း ပါတီစုံဒီမိုကရေစီကို ကျင့်သုံးကြရာတွင် ပါတီများ၊ နိုင်ငံရေးသမားများ၊ ပြည်သူများအနေဖြင့် အတွေးအခေါ်၊ အယူအဆ၊ နိုင်ငံရေးဝါဒများ ကွဲပြားနိုင်ကြသော်လည်း အမျိုးသားအကျိုးစီးပွားအပေါ်တွင် အားလုံးက အခြေခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဒီမိုကရေစီစနစ်အတွင်းမှ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကသားများအပါအဝင် မီဒီယာလောကသားအားလုံးသည်လည်း အမျိုးသားအကျိုးစီးပွားဘက်တော်သား မီဒီယာသမားကောင်းများဖြစ်အောင် ကျင့်သုံးရပ်တည် ဆောင်ရွက်သွားကြရန် အထူးအရေးကြီးကြောင်း။

အနာဂတ်ပန်းတိုင်

ယနေ့အခါ ပြည်သူ့ဆန္ဒနှင့်အညီ ချမှတ်ဖော်ဆောင်လျက်ရှိသော ဤမူဝါဒလမ်းစဉ် (၇)ရပ်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ပကတိအရှိတရားများနှင့် အကိုက်ညီဆုံး၊ အကောင်းဆုံး လမ်းကြောင်းပင်ဖြစ်ကြောင်း၊ အလားတူ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မပျက် အသွင်ကူးပြောင်းနိုင်ရေးအတွက် အန္တရာယ်အကင်းဆုံးနှင့် အသင့်မြတ်ဆုံး လမ်းကြောင်းလည်းဖြစ်ကြောင်း၊ မကြာခင်ကာလတွင် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံး၏ အနာဂတ်ရည်မှန်းချက်ပန်းတိုင်ဖြစ်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ဦးဆောင်စီမံခန့်ခွဲသွားကြမည့် လွှတ်တော်များနှင့် အစိုးရတစ်ရပ်တို့ ဖွဲ့စည်းပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းဖြစ်ပေါ်လာသည့် နိုင်ငံတော်ယန္တရားသစ်နှင့်အတူ အတိတ်ကဖြစ်ခဲ့သည့် သင်ခန်းစာယူဖွယ် ဖြစ်စဉ်များ၊ ပစ္စုပ္ပန်ကာလတွင် လက်တွေ့ခံစားတွေ့မြင်နေရသည့် တည်ငြိမ်အေးချမ်းမှု၊ တိုးတက်ဖွံ့ဖြိုးမှုဖြစ်ရပ်များကို အခြေခံပြီး အနာဂတ်နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ရုပ်ရှင်လောကသားများအပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်လက်တွဲ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

မကြာမီ အချိန်အတွင်း ၂၀၀၉ ခုနှစ်အတွက် ထူးချွန်ဆုများကို တစ်ဆုချင်း ကြေညာပြီး ချီးမြှင့်တော့မည်ဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့်ရုပ်ရှင်ဇာတ်ကား ၁၆ကားကို အပြန်ပြန်အထပ်ထပ် ကြည့်ရှုအကဲဖြတ်ကာ အရည်အသွေးကို အခြေခံပြီး အရည်အသွေးပြည့်မီသူ၊ ထိုက်တန်သူများကိုသာ သက်ဆိုင်ရာဆုအလိုက် စိစစ်ရွေးချယ်ထားခြင်းလည်း ဖြစ်ကြောင်း၊ ယခုနှစ်မှာ ထူးချွန်ဆုဆွတ်ခူးကြသည့် ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် ထပ်ဆင့်ထူးချွန်ဆုများ ရရှိအောင် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် ဆုမရရှိသေးသော ပုဂ္ဂိုလ်များအနေဖြင့်လည်း နောင်နှစ်များတွင် ထူးချွန်ဆုများ ဆက်လက်ဆွတ်ခူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အင်တိုက်အားတိုက်ပါဝင်

ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးရေး ကြိုးပမ်းမှုများတွင် အတိတ်သမိုင်းတစ်လျှောက် တက်ကြွစည်းလုံးညီညွတ်စွာ ပါဝင်ခဲ့ကြသကဲ့သို့ ယနေ့ခေတ် မျက်မှောက်ကာလတွင်လည်း တက်ကြွညီညွတ်စွာ ပူးပေါင်းပါဝင်နေကြသည်ကို တွေ့ရကြောင်း၊ ***စာမျက်နှာ ၁၂ ကော်လံ ၅ သို့***

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲညချမ်း အကယ်ဒမီဆုရှင်များနှင့် ရု

ဇာတ်ကားဆု – ကြိုးကြာတောင်ပံခတ်သံ

ဇာတ်ကားဆုရ စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင် ဒါရိုက်တာ စင်ရော်မောင်မောင်တို့သားအဖ၏ ဝမ်းသာမှုမြင်ကွင်း။

ဒါရိုက်တာဆု – မီးပွား

ဒါရိုက်တာမီးပွား၏
တရင်းတနှီး ဂုဏ်ပြုနေ

အကယ်ဒမီနေတိုးအတွက် ဂုဏ်ပြုအနမ်း။

အမျိုးသားဇာတ်ဆောင်ဆု – နေတိုး

အောင်ပွဲခံ

ပရိသတ်အလယ် အောင်ပွဲခံနေသော အကယ်ဒမီ နေတိုး။

ဓာတ်ပုံဆု – ကိုကိုဧွေးနှင့်အဖွဲ့

အားပေးကြ

ဇာတ်ညွှန်းဆုရ မြင့်ဦးဦးမြင့်ကို လုပ်ဖော်ကိုင်ဖက်များက ဤသို့အားပေးကြ ….။

ဇာတ်ညွှန်းဆု – မြင့်ဦးဦးမြင့်

ဓာတ်ပုံ
အောင်ထွန်းနိုင်
(ပြည်မြန်မာ)
နှင့်
တင်စိုး
(မြန်မာ့အလင်း)

တည်းဖြတ်ဆု – ဇော်မင်း

...ဆုရှင်များနှင့် ရုပ်ရှင်ချစ်ပရိသတ်များ၏ ဝမ်းသာကြည်နူးမှုမြင်ကွင်း

...း

ဂုဏ်ပြုမြင်ကွင်း

ဒါရိုက်တာမီးပွား၏ အောင်မြင်မှုကို အနုပညာမောင်နှမများက ဤသို့ တရင်းတနှီး ဂုဏ်ပြုနေမှုမြင်ကွင်း။

၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိကြသူများ

စဉ်	ဆုအမျိုးအစား	ဇာတ်ကားအမည်	ဆုရရှိသူ
၁	အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု	ကြိုးကြာတောင်ပံခတ်သံ	စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေး
၂	အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆု	ဇော်က ကနေသည်	မီးပွား
၃	အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု	မိုးညအိပ်မက်မြူ	နေတိုး
၄	အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆု	မိုးညအိပ်မက်မြူ	စိုးပြည့်သဇင်
၅	အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု	ကြိုးကြာတောင်ပံခတ်သံ	မြင့်ဦးဦးမြင့်
၆	အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု	ကျောက်စက်ရေ	ဇော်မင်း(ဟံသာမြေ)
၇	အကောင်းဆုံးရုပ်ရှင်တေးဂီတဆု	ဇော်က ကနေသည်	မီရာမိုရ်
၈	အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆု	အတိတ်ရဲ့အရိပ်	ကိုကိုဒွေးနှင့်အဖွဲ့
၉	အကောင်းဆုံးရုပ်ရှင်အသံဆု	အတိတ်ရဲ့အရိပ်	ဆန်းဦးနှင့်အဖွဲ့

...ဆု – ကိုကိုဒွေးနှင့်အဖွဲ့

အမျိုးသမီးဇာတ်ပို့ဆု– စိုးပြည့်သဇင်

ယခုနှစ်ပွဲ၏ တစ်ဦးတည်းသော အမျိုးသမီး အကယ်ဒမီဆုရှင် စိုးပြည့်သဇင်ကို ဤသို့ ဂုဏ်ပြု။

တေးဂီတဆု – မီရာမိုရ်

အသံဆု – ဆန်းဦးနှင့်အဖွဲ့

ဖလှယ်

ပူပူနွေးနွေး အကယ်ဒမီဆုရှင်များဖြစ်ကြသည့် ဒါရိုက်တာမီးပွားနှင့် ဂီတပညာရှင် မီရာမိုရ်တို့၏ အောင်မြင်မှုချင်းဖလှယ်မှုမြင်ကွင်း။

တည်းဖြတ်ဆုရ ထပ်ဆင့်အကယ်ဒမီဇော်မင်း(ဟံသာမြေ) အား ဂုဏ်ပြုနှုတ်ဆက်။

တည်းဖြတ်ဆု – ဇော်မင်း (ဟံသာမြေ)

အသံဆုရ ဦးဆန်းဦးနှင့်အဖွဲ့အား အပေါင်းအဖော်များက ဖက်လဲတကင်း ဤသို့ နှုတ်ဆက် အားပေးကြ။

ိုင် ...)

...င်း)

(၆၃)ကြိမ်မြောက်

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန် အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၂၃

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့က ၁၃၇၂ ခုနှစ် နတ်တော်လပြည့်ကျော် ၆ ရက် (၂၀၁၀ခုနှစ် ဒီဇင်ဘာ ၁၂ ရက်)မှ ပြာသိုလဆန်း ၇ ရက် (၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၁ ရက်)အထိ ကျင်းပခဲ့သော (၆၃)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် ရေးဖြေနှင့်အာဂုံပြန်အောင်မြင်ကြသော ပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည် -

(ယမန်နေ့မှအဆက်)

ဝိနယပိဋက၊ ဝိနည်းပထမပိုင်းနှစ်ကျမ်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရ(၄၁)ပါး

၁။ ပလ္လင်အမှတ်(၈၄) အရှင်ဈာယက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ၊ ဓမ္မဒူတဇေတဝန်တောရဆောက်န္တရာမကျောင်းတိုက်၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ်(၈၈) အရှင်စန္ဒာဝရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ်(၉၀) အရှင်အဂ္ဂဝံသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ်(၉၄) အရှင်ဉာဏိကာလင်္ကာရ၊ အသက်(၂၆)နှစ်၊သိက္ခာ(၆)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ်(၉၇) အရှင်ဃောသိတ၊ အသက်(၂၅)နှစ်၊သိက္ခာ(၅)ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ်(၉၈) အရှင်စန္ဒောဘာသ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ ဗြူးကုန်းတောရ ကျောင်းတိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၇။ ပလ္လင်အမှတ်(၉၉) အရှင်ပညာဓဇာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (အထူးအောင်)

၈။ ပလ္လင်အမှတ်(၁၀၇) အရှင်နန္ဒဝံသ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ ရတနာပုံကျောင်း၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ်(၁၀၈) အရှင်ဣန္ဒက၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ်(၁၁၂) အရှင်နန္ဒဝံသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋက နိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊စစ်ကိုင်းတိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ်(၁၁၃) အရှင်နန္ဒဓဇာလင်္ကာရ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကကမ္ဘောဇကျောင်း၊မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၂။ ပလ္လင်အမှတ်(၁၁၅) အရှင်ဂေါဝိန္ဒ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလ ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ်(၁၁၆) အရှင်စိန္တာဝရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ်(၁၁၇) အရှင်ဝံသရက္ခိတ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ ဓမ္မာရာမတောရကျောင်း၊ သံဖြူဇရပ်မြို့၊ မွန်ပြည်နယ်

၁၅။ ပလ္လင်အမှတ်(၁၂၂) အရှင်တေဇိန္ဒ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ်(၁၂၃) အရှင်သာသန၊ အသက်(၂၆)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ်(၁၂၄) အရှင်ဩဘာသ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ ရွှေဥမင်ဓမ္မသုခတောရရိပ်သာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ်(၁၂၅) အရှင်ဝိသာရဒ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ၊ နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ်(၁၃၀) အရှင်ခေမာစာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ မြို့မရွှေဂူကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ်(၁၃၄) အရှင်ဝိလာသ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၄)ဝါ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၁။ ပလ္လင်အမှတ်(၁၃၆) အရှင်တိက္ခာစာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ်(၁၃၇) အရှင်သဒ္ဓမ္မပါလ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ ဝင်းနိမ္မိတာရုံကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ်(၁၃၈) အရှင်ခေမာစာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄) ဝါ၊ မဟာသုခါရာမကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ်(၁၄၀) အရှင်ဓမ္မပါလ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ်(၁၄၁) အရှင်စိန္တာမယ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ်(၁၄၂) အရှင်စိန္တိတ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ၊ အလယ်တိုက်ကြီး၊ ပုဂံအတွင်းဝန်တိုက်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ်(၁၄၃) အရှင်ပညာသိရီ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ၊ ဓောင်ကြမ်းပင် ကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ်(၁၄၄) အရှင်ပညာဓဇ၊ အသက်(၂၂)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ်(၁၄၅) အရှင်ဩဘာသ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ ရွာမကျောင်းတိုက်၊ ရွာသာကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ်(၁၄၈) ရှင်ကုမာရ၊ အသက်(၂၀)နှစ်၊ တိုက်သစ်ကျောင်း၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ်(၁၄၉) အရှင်ကောသလ္လ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၆)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ်(၁၅၅) အရှင်ကောလိနိယာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၇)ဝါ၊ အလိုတော်ပြည့်ဓမ္မာစရိယတက္ကသိုလ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၃။ ပလ္လင်အမှတ်(၁၆၇) အရှင်ဂုဏဝံသာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ(၅)ဝါ၊ ဒေါဥရု ပရိယတ္တိ စာသင်တိုက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၃၄။ ပလ္လင်အမှတ်(၁၆၉) အရှင်ဇောတိပါလ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ်(၁၇၂) အရှင်ကုသလ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ ရွှေပြည်သာပရိယတ္တိစာသင်တိုက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ်(၁၇၃) အရှင်ဣသရိယ၊ အသက်(၂၃)နှစ်၊သိက္ခာ(၄)ဝါ၊ နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ်(၁၇၅) အရှင်စန္ဒောဘာသ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ၊ လေးထပ်ပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ်(၁၇၉) အရှင်မေဃဝံသာလင်္ကာရ၊ အသက် (၂၆)နှစ်၊ သိက္ခာ (၄)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ်(၁၈၂) အရှင်စန္ဒာဝရာလင်္ကာရ၊ အသက်(၂၂)နှစ်၊သိက္ခာ(၂)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(အထူးအောင်)

၄၀။ ပလ္လင်အမှတ်(၁၈၇) ရှင်ဉာဏောသက၊ အသက်(၁၈)နှစ်၊ ပျဉ်ထောင်ကျောင်း၊ ပျဉ်ထောင်ရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ်(၁၈၈) ရှင်သူရိယ၊ အသက်(၁၇)နှစ်၊ သဒ္ဓမ္မအလင်းရောင်ကျောင်းတိုက်၊ အင်းတကော်စံပြကျေးရွာ၊ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ ။

ဦးစံမြင့်ဦးအား ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးစံမြင့်ဦးအား ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဦးကျော်မျိုးထွင့်အား ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည်ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး ဂျီနီဗာမြို့ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မျိုးထွင့်အား ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံအမတ်ကြီးဦးတင်ဦးလွင်အား စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ်ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးတင်ဦးလွင်အား စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၂။ နံနက်ခင်းသတင်း
၇:၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၅ ၆။ အတီးပြိုင်ပွဲ
၈:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈:၄၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အကပဒေသာ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် ဓာတုဗေဒအထူးပြု (ဓာတုဗေဒ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၅ ၆။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၈။ **မြန်မာတေးသံရှင် ရွေးချယ်ပွဲ**
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၃)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **ကမ္ဘာကျော် သရုပ်ဆောင်များ** (အပိုင်း-၈)
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၂၆)

အနုပညာ ငွေကြယ်ပွင့်တို့ လင်းလက်တောက်ပ အကယ်ဒမီည

အမေး/အရေး မောင်မောင်မြင့်ဆွေ နှင့် မြင့်မောင်စိုး၊ ဓာတ်ပုံ-အောင်ထွန်းနိုင်(ပြည်မြန်မာ)၊ တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၃

ရောင်စုံမီးများ ဖြာကျနေသည့် အကယ်ဒမီဆု ချီးမြှင့်ရာ စင်မြင့်ရှေ့ မျက်နှာစာ တစ်ဖက်တစ်ချက်တွင် ဝင့်ကြွားစွာ ထားရှိသည့် ရွှေရောင် တလက်လက် တောက်ပနေသော အကယ်ဒမီ ရုပ်တုကြီးနှစ်ခု။ စင်မြင့် နောက်ခံပေါ်တွင် ကြည်ပြာရောင် ရင့်ရင့်ပေါ်၌ ရွှေစင် အကယ်ဒမီ

“တိုင်းရင်းသား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ ကူညီရိုင်းပင်းမှုကို ဖော်ပြတဲ့အနေနဲ့ ရိုက်ကူးခဲ့တာပါ”
စင်ရော်မောင်မောင်

ရုပ်တုငယ်တစ်ခုအပါအဝင် **“၂၀၀၉ ခုနှစ်မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား”**ဟူသော စာတန်းကို ထင်ရှားစွာ ရေးထိုးထားသည်။ နေပြည်တော် မြို့တော်ခန်းမဝင်း အတွင်းရှိ လဟာပြင် ကဇာတ်ရုံ၌ အနုပညာရှင်များနှင့် ပရိသတ်များ ရင်ခုန်လှိုက်မောဖွယ်ရာ အကယ်ဒမီညချမ်းကို စတင်ခဲ့လေပြီ။

ညနေ၄နာရီမှ စတင်ကာ တဖွဲဖွဲ ရောက်ရှိလာသော အနုပညာရှင်များကို ပရိသတ်များ၊ မီဒီယာသမားများ ဝိုင်းဝိုင်းလည် နှုတ်ဆက်ကာ ဓာတ်ပုံမှတ်တမ်း ရယူလျက်ရှိသည့် မြင်ကွင်းကား ကြည်နူးပီတိဖြစ်ဖွယ်ပင်။ အကယ်ဒမီရရှိမည်ဟု ရေပန်းစားနေသူများနှင့် နာမည်ကြီးသူများ မခွဲဘဲ အလုအယက် ဓာတ်ပုံရိုက်ကြ၊ အမှတ် တရလက်မှတ် ရေးထိုးခိုင်းကြနှင့်ပျော်ရွှင်ကြည်နူးဖွယ်မြင်ကွင်းကို တွေ့ရသည်။

အကယ်ဒမီဆု ရွေးချယ်ပွဲ အစီအစဉ် စတင်သည့်အချိန်ရောက်သည်နှင့် အကယ်ဒမီဆုချီးမြှင့်ပွဲ ကျင်းပရာ လဟာပြင်ကဇာတ်ရုံ ရင်ပြင်တွင် မီးအလင်းရောင်များ ပိတ်လိုက်ပြီး အကယ်ဒမီဆုရရှိသူများကို တစ်ဦးချင်းစီ စာအိတ်ဖွင့်ဖောက်ကြေညာခဲ့သည်။

အကောင်းဆုံး ဇာတ်ကားဆုကို ကြေညာရာ **“ကြိုးကြာတောင်ပံခတ်သံ”** ရုပ်ရှင်ဇာတ်ကား ရိုက်ကူးထုတ်လုပ်သည့် စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးက ဆွတ်ခူးရရှိသွားသည်။ စင်ရော်ရုပ်ရှင် ထုတ်လုပ်ရေးမှ ဒါရိုက်တာ စင်ရော်မောင်မောင်ကို ဝိုင်းဝန်းနှုတ်ဆက်သူများဖြင့်ပြည့်ကျပ်လျက်ရှိသည်။ ဆုကြေညာအပြီး ဒါရိုက်တာ စင်ရော်မောင်မောင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ **“ဒီရုပ်ရှင်ဇာတ်ကားကို တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနဲ့ ကူညီရိုင်းပင်းမှုကို ဖော်ပြတဲ့အနေနဲ့ ရိုက်ကူးခဲ့တာပါ။ ဒီရုပ်ရှင်ဇာတ်ကားကို ခက်ခက်ခဲခဲ ရိုက်ကူးခဲ့ရပါတယ်။ကုန်ကျစရိတ်လည်းများပြားပါတယ်။ ဒါပေမယ့် အခုလို အကယ်ဒမီဆုချီးမြှင့်ခံရတဲ့အတွက် အတိုင်း မသိ ဂုဏ်ယူဝမ်းမြောက်ရပါတယ်”** ဟု ပြောကြားသွားသည်။

ဒါရိုက်တာ စင်ရော်မောင်မောင်မှာ ယခုဆုနှင့်ဆိုလျှင် အကယ်ဒမီဆု ငါးဆုရရှိခဲ့ပြီးဖြစ်သည်။

ဒါရိုက်တာဆု

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ပေးပွဲအခမ်းအနားတွင် ၂၀၀၉ ခုနှစ်အတွက်အကောင်းဆုံးဒါရိုက်တာဆုကို ဒါရိုက်တာ မီးပွားက **“ဇော်ကကနေသည်”** ဇာတ်ကားဖြင့် ရရှိသွားခဲ့သည်။

“ပထမဆုံး အကယ်ဒမီဆုရခြင်းလည်း ဖြစ်ပါတယ်”
ဒါရိုက်တာမီးပွား

ဒါရိုက်တာမီးပွားသည်ဇာတ်လမ်းတွင် သရုပ်ဆောင်များကိုအံဝင်ခွင်ကျ သရုပ်ဆောင်နိုင်အောင် ဇာတ်ကောင်းရွေးချယ်မှု၊ ဖဇော်ဂျီကို မြန်မာ့ရိုးရာ အနုပညာကဏ္ဍတစ်ခုအဖြစ် မြိုင်မြိုင်ဆိုင်ဆိုင်ရိုက်ကူးတင်ဆက်နိုင်မှု၊ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ကောင် အံဝင်ခွင်ကျ စီစဉ်ညွှန်ကြားနိုင်မှုတို့ကြောင့် ဒါရိုက်တာဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဒါရိုက်တာမီးပွားက **“ကျွန်တော့်အနေနဲ့ ဒီဆုဆွတ်ခူးနိုင်ခဲ့တဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ ဒီဇာတ်ကားဟာ မြန်မာ့ရိုးရာ ဇော်ဂျီအကကို ဖော်ထုတ်ပြသတဲ့ ဇာတ်ကားလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဒါရိုက်တာဆုနဲ့ ပထမဆုံး အကယ်ဒမီဆုရခြင်းလည်း ဖြစ်ပါတယ်။ အဲဒီအတွက် ဂုဏ်လည်းယူပါတယ်။ဆက်လက်ပြီးတော့လည်းမြန်မာ့ရုပ်ရှင်အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ကြိုးစားသွားပါဦးမယ်လို့ ပြောကြားလိုပါတယ်”**ဟု ပြောကြားခဲ့သည်။

အမျိုးသားဇာတ်ဆောင်ဆု

ထို့နောက် အမျိုးသားဇာတ်ဆောင်ဆုကိုကြေညာရာ**“မိုးညအိပ်မက်မြူ”** ရုပ်ရှင်ဇာတ်ကားဖြင့် နေတိုးက ရရှိသွားသည်။ နေတိုးရှိရာသို့ မီးဆလိုက်ထိုးပေးထားရာ မီဒီယာသမားများ၊ အနုပညာရှင်လုပ်ဖော်ကိုင်ဖက်များဖြင့် ဝိုင်းဝိုင်းလည်လျက်ရှိသည်။ ဂုဏ်ပြုနှုတ်ဆက်သူများကို ခေတ္တစောင့်ဆိုင်းပြီး နေတိုးအား တွေ့ဆုံမေးမြန်းခဲ့ရာ **“ဒီဇာတ်ကားက ကျွန်တော့် စိတ်နဲ့ တစ်ထပ်တည်းကျအောင် သရုပ်ဆောင်နိုင်ခဲ့တဲ့ ဇာတ်ကားပါပဲ။ ဇာတ်ရုပ်နဲ့လိုက်အောင် စိတ်ကိုနှစ်မြှုပ်ထားပြီး တကယ့်ကိုယ်တိုင် ဖြစ်ရပ်နဲ့ ခံစားချက်မျိုး သရုပ်ဆောင်ခဲ့တာပါ။ ဒီဇာတ်ကားမှာ စိတ်တိုင်းအကျဆုံးက ထဘီစကို ဆုတ်ဖြဲပြီး ပေါက်ကွဲမှုခံစားရတဲ့ ဇာတ်ဝင်ခန်း ဖြစ်ပါတယ်။ ပထမဆုံးအကယ်ဒမီဆုဖြစ်တာမို့ ဖော်မပြတတ်အောင် ပီတိဖြစ်ရပါတယ်။ ဒီဆုရတဲ့အတွက် အနုပညာခွန်အားတွေ ပြည့်ဝသလို ခံစားခဲ့ရပါပြီ”**လို့

“ဒီဇာတ်ကားက ကျွန်တော့် စိတ်နဲ့ တစ်ထပ်တည်းကျအောင် သရုပ်ဆောင်နိုင်ခဲ့တဲ့ ဇာတ်ကားပါပဲ”
နေတိုး

ဝမ်းသာအားရစွာဖြင့် ပြောကြားသွားသည်။

“ဒီဆုကို မှန်းမထားခဲ့ပါဘူး”
စိုးပြည့်သဇင်

အမျိုးသမီးဇာတ်ပို့ဆု

၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုကို စိုးပြည့်သဇင်က ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးတင်ဆက်သည့် **“မိုးညအိပ်မက်မြူ”** ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

သူမသည် ယင်းဇာတ်ကားတွင် ထားအဖြစ် သရုပ်ဆောင်ထားပြီး တယောပညာကို လေ့လာသင်ယူရာမှ မောင်မြင့်ဝေ(နေတိုး)ကို တစ်ဖက်သတ်ချစ်သူအဖြစ်တစ်ဖုံ၊ မချစ်မနှစ်သက်သူကို စက်ဆုပ်ရွံရှာသည့် ထားအဖြစ်တစ်သွယ် သဏ္ဌာန်လုပ် သရုပ်တူ ပီပြင်စွာ သရုပ်ဆောင်နိုင်ခဲ့သည့်အတွက် ၂၀၀၉ ခုနှစ် အတွက် အကောင်း ဆုံး ဇာတ်ပို့ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ သရုပ်ဆောင် စိုးပြည့်သဇင်က**“စိုးပြည့် ဒီဆုကို မှန်းမထားခဲ့ပါဘူး။ ယခုဒီဆုကို တကယ်လက်ဝယ်ပိုင်ဆိုင်ခွင့်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါတယ်”**ဟု ပြောကြားသည်။

ဇာတ်ညွှန်းဆု

တစ်ဖန်အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကိုကြေညာရာ**“ကြိုးကြာ**

“အတတ်နိုင်ဆုံး ဇာတ်လမ်း ဇာတ်အိမ် ချိတ်ဆက်မိအောင် ကြိုးစားခြယ်မှုန်းခဲ့တာပါ”
မြင့်ဦးဦးမြင့်

တောင်ပံခတ်သံ” ရုပ်ရှင်ဇာတ်ကား ဇာတ်ညွှန်းရေးသားသူ မြင့်ဦးဦးမြင့် ရရှိခဲ့သည်။

လူအုပ်ကြားမှ ရုပ်ရှင်ဇာတ်ညွှန်းဆု ဆွတ်ခူးရရှိသူ မြင့်ဦးဦးမြင့်အား တွေ့ဆုံမေးမြန်းရာ **“အတတ်နိုင်ဆုံး ဇာတ်လမ်းဇာတ်အိမ်ချိတ်ဆက်မိအောင် ကြိုးစားခြယ်မှုန်းခဲ့တာပါ။ ဒီဝတ္ထုကို ဇာတ်လမ်းရေးဖို့ စတင်အပ်တဲ့ ဒါရိုက်တာ စင်ရော်မောင်မောင်ကို ကျေးဇူးတင်သလို ကျွန်တော့်အမေနဲ့ ဇနီးကိုလည်း ကျေးဇူးတင်ပါတယ်။ အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ခြင်း ဖြစ်ပါတယ်။ ဝမ်းသာပီတိဖြစ်မှုက ပြောမပြတတ်အောင်ပါပဲ”**ဟု

“ဆက်လက်ပြီး အကယ်ဒမီဆုများရရှိဖို့ ကြိုးစားသွားပါဦးမယ်”
ဇော်မင်း(ဟံသာမြေ)

ဇာတ်ညွှန်းဆုရ မြင့်ဦးဦးမြင့်ကဝမ်းသာစွာဖြင့် ပြောကြားသွားသည်။

တည်းဖြတ်ဆု

၂၀၀၉ခုနှစ်အတွက်အကောင်းဆုံး ရုပ်ရှင်တည်းဖြတ်ဆုကို ဇော်မင်း(ဟံသာမြေ)က ဒါရိုက်တာဝိုင်း ရိုက်ကူးတင်ဆက်သည့် **“ကျောက်စက်ရေ”** ဇာတ်ကားဖြင့် ဆွတ်ခူးရရှိသွားခဲ့သည်။

ဇော်မင်း (ဟံသာမြေ) သည် ကျောက်စက်ရေ ဇာတ်ကားတွင် အကောင်းဆုံး ရိုက်ချက်များဖြင့် တင်ဆက်တည်းဖြတ်နိုင်မှု၊ အရုပ်နှင့် အသံ ကိုက်ညီအောင်တည်းဖြတ်နိုင်မှု၊ မိခင်မေတ္တာကို လိုလားနေသူတစ်ဦး၏ သရုပ်သဏ္ဌာန်ကိုထိထိမိမိပုံဖော်တည်းဖြတ်နိုင်မှု၊အရုပ်နှင့်အသံ အံဝင်ခွင်ကျဖြစ်အောင် တည်းဖြတ်နိုင်မှုနှင့်ဇာတ်၏ အထွတ်အထိပ်ကို တည်းဖြတ်ပညာနှင့် တွန်းပို့နိုင်မှုတို့ကြောင့်၂၀၀၉ ခုနှစ် အတွက် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

ဇော်မင်း(ဟံသာမြေ)က**“ကျွန်တော် ဒီဆုကို လေးဆုမြောက် ဆွတ်ခူးနိုင်ခဲ့**

“ကျွန်တော့်အသက်အရွယ်နဲ့ ဒီလိုဆုမျိုးရမယ်လို့ မမျှော်လင့်မိခဲ့ပါဘူး”
မီရာမိုရ်

တာဖြစ်ပါတယ်။ဇော်မင်း(ဟံသာမြေ) ဆိုတာက ကျွန်တော်က ခရမ်းသုံးခွကပါ။ ဒါကြောင့် ဟံသာမြေလို့ပေးလိုက်တာ၊ ဆက်လက်ပြီး အကယ်ဒမီဆုများ ရရှိဖို့ကြိုးစားသွားပါဦးမယ်” ဟု ပြောကြားသည်။

တေးဂီတဆု

၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို မီရာမိုရ်က ဒါရိုက်တာ မီးပွားရိုက်ကူး တင်ဆက်သည့်**“ဇော်ကကနေသည်”**ဇာတ်ကားဖြင့် ဆွတ်ခူးနိုင်ခဲ့သည်။

မီရာမိုရ်သည်ယင်းဇာတ်ကားတွင် မြန်မာ့ရိုးရာ ဇော်ဂျီအကကို တေးဂီတဖြင့် အကောင်းဆုံး ဇာတ်လမ်း၏

“အနုပညာ လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဖို့ အားဖြစ်စေခဲ့ပါတယ်”
ကိုကိုဌေး

အထွတ်အထိပ်ရောက်အောင်ပို့ပေးနိုင်ခဲ့မှုကြောင့် ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မီရာမိုရ်က **“ဒီဇာတ်ကားနဲ့ အကယ်ဒမီဆု ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် အလွန်ပဲ ဝမ်းသာပီတိ ဖြစ်ရပါတယ်။ကျွန်တော့်အသက်အရွယ်နဲ့ ဒီလိုဆုမျိုးရမယ်လို့ မမျှော်လင့်မိခဲ့ပါဘူး။ နိုင်ငံတော်ရဲ့ ကျေးဇူး၊ ယဉ်ကျေးမှု တက္ကသိုလ်မှ ဆရာဆရာမများရဲ့ ကျေးဇူးကြောင့် ဒီဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ကြောင်း”** ပြောကြားခဲ့သည်။

ဓာတ်ပုံဆု

၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံအကယ်ဒမီဆုကို ကိုကိုဌေးနှင့် အဖွဲ့က ဒါရိုက်တာ စင်ရော်မောင်မောင်ရိုက်ကူးတင်ဆက်သည့်**“အတိတ်ရဲ့အရိပ်”**ဇာတ်ကားဖြင့်ဆွတ်ခူးရရှိသွားသည်။ ကိုကိုဌေးနှင့် အဖွဲ့သည်ဓာတ်ပုံပညာရှင်တစ်ဦး၏ ရှုထောင့်အယူအဆကောင်းမွန်မှု၊ ဇာတ်လမ်းသဘောနှင့် ဓာတ်ပုံပညာ ပေါင်းစပ်ကိုက်ညီအောင် ရိုက်ကူးတင်ဆက်နိုင်မှုတို့ကြောင့် ၂၀၀၉ ခုနှစ်၏ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

“အတိုင်းမသိ ဝမ်းသာမှု ဖြစ်ရပါတယ်”
ဆန်းဦး

ဓာတ်ပုံပညာရှင် ကိုကိုဌေးက **“ဒီအကယ်ဒမီဆု ဆွတ်ခူးနိုင်ခဲ့တာဟာ ကျွန်တော့်အတွက် အနုပညာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဖို့ အားဖြစ်စေခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ကြိုးစားသွားပါဦးမယ်”** ဟု ပြောကြားသည်။

အသံဆု

ရုပ်ရှင်အသံပိုင်းဆိုင်ရာ ထူးချွန်ဆုအဖြစ်**“အတိတ်ရဲ့အရိပ်”**ရုပ်ရှင်ဇာတ်ကားဖြင့် ဆန်းဦးနှင့် အဖွဲ့က ဆွတ်ခူးရရှိခဲ့သည်။

အသံပိုင်းဆိုင်ရာ အကယ်ဒမီဆု ရရှိခဲ့သည့် ဆန်းဦးအား တွေ့ဆုံမေးမြန်းခဲ့ရာ **“ဒီဇာတ်ကားမှာ ကြိုးစားပြီး အသံအချိုးအစား ကြည်လင်မှုနဲ့ အသံလှိုင်းထိခိုက်မှုမရှိအောင်အတတ်နိုင်ဆုံး ဆောင်ရွက်ခဲ့တာပါ။ အခုလို အကယ်ဒမီဆုရရှိတဲ့အတွက် အတိုင်းမသိဝမ်းသာမှု ဖြစ်ရပါတယ်”**ဟု ပြောကြားသည်။

အကယ်ဒမီညချမ်းကား အနုပညာ ငွေကြယ်ပွင့်တို့၏ ပီတိသံများဖြင့် ဖုံးလွှမ်းခဲ့ပါကြောင်း။ ။

(မြန်မာ့အလင်း)

စာမျက်နှာ ၄ မှ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်နှင့် China Datang Oversea Investment Co.,Ltd. ဥက္ကဋ္ဌ Mr.Wu Jing တို့က တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဝန်ကြီးများနှင့် စက်ရုံမှ တာဝန်ရှိသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဝန်ကြီးဦးဇော်မင်းက တာပိန်(၁)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် China Datang Oversea Investment Co.,Ltd. ဥက္ကဋ္ဌတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာပိန်(၁) ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး China Datang Oversea Investment Co.,Ltd. ဥက္ကဋ္ဌ Mr. Wu Jing အား သစ်သီးခြင်းလက်ဆောင်ကို ပေးအပ်သည်။

ရေဝင်ရောက်မှုကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ပင်မတမံသို့ရောက်ရှိပြီး နိုင်ငံခြားသား ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပင်မတမံရှုရပ်မှ ကွန်ကရစ် ရေထိန်းပင်မတမံ၊ ရေယူအဆောက်အအုံနှင့် ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုသည်။

တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ DUHD ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းဖြစ်သည်။ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၉ ရက်၌ စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ စီမံကိန်းကာလ သုံးနှစ်နှင့် တစ်လသာ ကြာမြင့်သည့် စီမံကိန်းဖြစ်သည်။

တည်ဆောက်တပ်ဆင်

တာပိန်(၁) ရေအားလျှပ်စစ်စီမံကိန်းကြီး၏ အဓိကရေအားလျှပ်စစ်အဆောက်အအုံလုပ်ငန်းရပ် ခြောက်ခုပါဝင်ရာ အချင်း ၂၂ ပေ၊ အလျား ပေ ၉၇၇၀ရှိ ရေသွယ်ဥမင်လိုဏ် နှစ်ခု၊ အချင်း ၂၃ ပေ၊ အလျား ၈၀၆ပေရှိ ရေလွှဲဥမင်လိုဏ် တစ်ခု၊ အလျား ၆၇၂ ပေ၊ အမြင့် ၁၅၁ ပေရှိ ကွန်ကရစ်တမံ၊ အချင်း ၅၉ ပေ၊ အမြင့် ၂၅၉ ပေရှိ ရေလျှံထိန်းစည်အမှတ်(၁)နှင့် အချင်း ၅၉ ပေ၊ အမြင့် ၂၂၈ ပေရှိ ရေလျှံထိန်းစည် အမှတ်(၂)၊ အချင်း ၁၆ပေ၊ အလျား ပေ ၁၀၁၀ရှိ ဖိအားမြှင့်ပိုက်လိုင်း လေးလိုင်း၊ အလျား ၂၈၉ပေ၊ အနံ ၈၉ ပေ၊ အမြင့် ၁၅၁ ပေရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် တာဘိုင်ဂျင်နရေတာများ တည်ဆောက်တပ်ဆင်ခြင်း လုပ်ငန်းများ ပါဝင်သည်။

ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ဝှမ်းပေါ်၌ ရေအားလျှပ်စစ် စီမံကိန်း ၁၈ ခု အကောင်အထည်ဖော်တည်ဆောက်လျက်ရှိရာ မြစ်ဆုံစီမံကိန်း ၆၀၀၀ မဂ္ဂါဝပ်၊ ချီဖွေစီမံကိန်း ၃၄၀၀ မဂ္ဂါဝပ်၊ ဝူဆောက်စီမံကိန်း ၁၈၀၀ မဂ္ဂါဝပ်၊ ခေါင်လံဖူးစီမံကိန်း ၂၇၀၀ မဂ္ဂါဝပ်၊ ယီနန်စီမံကိန်း ၁၂၀၀ မဂ္ဂါဝပ်၊ ဖီဇော စီမံကိန်း ၂၀၀၀ မဂ္ဂါဝပ်၊ လာဇာစီမံကိန်း ၁၉၀၀ မဂ္ဂါဝပ်၊ ချီဖွေငယ်စီမံကိန်း ၉၉ မဂ္ဂါဝပ်၊ ထာခစီမံကိန်း ၆ မဂ္ဂါဝပ်၊ ဂေါ်လန်စီမံကိန်း ၁၀၀ မဂ္ဂါဝပ်၊ ဝုကျုံးကျယ်စီမံကိန်း ၆၀ မဂ္ဂါဝပ်၊ ခန်ကန်းစီမံကိန်း ၁၄၀ မဂ္ဂါဝပ်၊ ထုံရှင်းချောင်စီမံကိန်း ၃၄၀ မဂ္ဂါဝပ် ၊ လောင်းဒင် စီမံကိန်း ၄၃၅ မဂ္ဂါဝပ်၊ တာပိန် (၁) စီမံကိန်း ၂၄၀ မဂ္ဂါဝပ်၊ တာပိန် (၂) စီမံကိန်း ၁၄၀ မဂ္ဂါဝပ်၊ နမ့်တဘက် (၁) စီမံကိန်း ၉၆ မဂ္ဂါဝပ်နှင့် နမ့်တဘက် (၂) စီမံကိန်း ၁၀၄ မဂ္ဂါဝပ်တို့ဖြစ်ပြီး စုစုပေါင်း စက်တပ်ဆင်အား ၂၀၇၆၀ မဂ္ဂါဝပ် ဖြစ်သည်။

တပ်မတော်အစိုးရမတိုင်မီက နိုင်ငံတော်၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံနှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံ စုစုပေါင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံ ကိုးရုံရှိခဲ့ပြီး စုစုပေါင်း လျှပ်စစ်စက်တပ်ဆင်အားမှာ ၅၂၉ မဂ္ဂါဝပ်သာရှိခဲ့သည်။

တိုးတက်ရရှိခဲ့

တပ်မတော်အစိုးရလက်ထက်၌ ယနေ့ဖွင့်လှစ်သည့် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအပါအဝင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၄ ရုံ၊ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ တစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ခုနစ်ရုံ၊ စုစုပေါင်း ဓာတ်အားပေးစက်ရုံ ၂၂ ရုံ ထပ်မံတိုးတက်တည်ဆောက်နိုင်ခဲ့ပြီး စုစုပေါင်း စက်တပ်ဆင်အား ၂၇၅၆ မဂ္ဂါဝပ် တိုးတက်ရရှိခဲ့ပြီး ဖြစ်သည်။

ယခုအခါ နိုင်ငံတော်၌ လျှပ်စစ်ဓာတ်အားပေးစက်ရုံ စုစုပေါင်း ၃၁ရုံ ရှိလာပြီး စုစုပေါင်း စက်တပ်ဆင်အားမှာ ၃၂၈၅ မဂ္ဂါဝပ် ရှိလာပြီဖြစ်သည်။ မကြာမီကာလအတွင်း တည်ဆောက်ဆဲဖြစ်သည့် ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ၇၅ မဂ္ဂါဝပ်နှင့် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ၆၀ မဂ္ဂါဝပ်တို့လည်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရှိရသည်။

အထောက်အကူပြု

ယနေ့ဖွင့်လှစ်လိုက်သည့် တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်၏ အရှေ့မြောက်ဘက် မိုင် ၃၀ခန့်အကွာ မိုးမောက်မြို့နယ် ကလုံခကျေးရွာဟောင်းအနီး တာပိန်မြစ်ပေါ်၌တည်ရှိပြီး စီမံကိန်းလုပ်ငန်းများကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တမံအမျိုးအစား ကွန်ကရစ်မြေထိန်းတမံ၊ တမံအလျား ၆၇၂ ပေ၊ တမံအမြင့် ၁၅၁ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၈၁၆၂ ဧကပေ၊ တပ်ဆင်စက်အင်အား ၆၀ မဂ္ဂါဝပ် လေးလုံး ၂၄၀ မဂ္ဂါဝပ်၊ တစ်နှစ်ပျမ်းမျှထုတ်လုပ်နိုင်မည့်ဓာတ်အား ၁၀၆၅ ကီလိုဝပ် နာရီသန်းပေါင်းဖြစ်ပြီး ဓာတ်အားပေး ကွန်ရက်စနစ်မှတစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးရန်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၄-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄	၃။	နိုင်ငံတော်သီချင်း
၇:၀၅	၄။	တရားတော်
၇:၂၀	၅။	ဓမ္မပူဇာတေး
၇:၂၅	၆။	မျိုးချစ်တပ်မတော်
၇:၃၀	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄	၃။	နိုင်ငံတော်သီချင်း
၄:၀၅	၄။	အဖွင့်သီချင်း
၄:၁၅	၅။	စိုက်ပျိုးသုတ
၄:၂၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၇။	မျိုးချစ်တပ်မတော်
၄:၃၅	၈။	လျှပ်တစ်ပြက်
၄:၄၀	၉။	ဗွီစီဒီကျော်ကြားတေး
၅:၁၀	၁၀။	မီးသတိပေးနှိုးဆော်ချက်
၅:၂၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀	၁၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၉)
၆:၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၅။	သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၄၉)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	Talk of The Town
	၂၂။	မေးမြန်းစူးစမ်း
	၂၃။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၂၄။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန်ကျားတစ်ပြန်** (အပိုင်း-၄)
	၂၆။	**Miniseries**
	၂၇။	သင့်အတွက်မနက်ဖြန်

စာမျက်နှာ ၇ မှ

အနာဂတ်တွင်လည်း ပြည်ထောင်စုစိတ်ဓာတ်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး၊ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် မီဒီယာသမားကောင်းများပီပီ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် -

- **ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ရှင်လောကသားများ ထားရှိဆောင်ရွက်ရမည့် ရည်ရွယ်ချက် (၅)ရပ်၊ လုပ်ငန်းစဉ် (၁၂)ရပ်နှင့် လတ်တလော အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်သင့်သော လုပ်ငန်းစဉ် (၅)ရပ်တို့ကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ကြပါ။**
- **မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လိုအပ်မယ့် စက်ပစ္စည်းများ၊ Studio များ၊ ပြည်ပနှင့် ပူးပေါင်းရိုက်ကူး ထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်ပြသရေးစနစ်နှင့် ရုပ်ရှင်ရုံများ နိုင်ငံတကာအဆင့်မီဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြပါ။**
- **မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရုပ်ရှင်ပညာနှင့် ကူညီပံ့ပိုးဆောင်ရွက်ကြပါ။**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေး နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပါဝင် ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၀၉ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ရရှိကြသည့် အမည်စာရင်းများကို အကယ်ဒမီရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ကြေညာကြရာ အကောင်းဆုံးရုပ်ရှင်အသံဆုကို အတိတ်ရဲ့အရိပ်ဇာတ်ကားမှ ဆန်းဦးနှင့်အဖွဲ့ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဓာတ်ပုံဆုကို အတိတ်ရဲ့အရိပ်ဇာတ်ကားမှ ကိုကိုဌေးနှင့်အဖွဲ့ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆုကို မိုးညအိပ်မက်မြူဇာတ်ကားမှ စိုးပြည့်သဇင်ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်ဇာတ်ညွှန်းဆုကို ကြိုးကြာတောင်ပံခတ်သံဇာတ်ကားမှ မြင့်ဦးဦးမြင့်ကလည်းကောင်း၊ အကောင်းဆုံး ရုပ်ရှင်တေးဂီတဆုကို ဇော်က ကနေသည်ဇာတ်ကားမှ မီရာမိုရ်ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို မိုးညအိပ်မက်မြူဇာတ်ကားမှ နေတိုးကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ကျောက်စက်ရေ ဇာတ်ကားမှ ဇော်မင်း(ဟံသာမြေ)ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို စင်ရော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် ကြိုးကြာတောင်ပံခတ်သံ ဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို ဇော်က ကနေသည် ရုပ်ရှင်ဇာတ်ကားရိုက်ကူးသူ မီးပွားကလည်းကောင်း ရရှိကြောင်း ကြေညာကြပြီး ဆုတစ်ဆုချင်းအလိုက် ရှင်းလင်းချက်များနှင့်အတူ အကောင်းဆုံး သရုပ်ဆောင်မှုအပိုင်းများကို ထုတ်နုတ်ပြသသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသူများအား ရွှေစင်ရုပ်ဆုကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဇနီးတို့အား ဂါရဝပြုကြရာ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ ဇနီးနှင့်အဖွဲ့ဝင်များက ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

တောင်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၄ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**ကုသိုလ်ရှိရ ဝမ်းမြောက်ရ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ဝိမလ)
၆:၅၀	ထင်ရှားဖူးမြော် မွေတော်ကဏ္ဍုစေတီတော်
၇:၁၅	ခံစားမှုရသစုံလင်.... အမျိုးသားကန်တော်ကြီးဥယျာဉ်
၇:၃၀	MRTV-4 သတင်း
၈:၀၀	Activities in the City (စာရေးဆရာ ထန်လှိုင် တစ်နှစ်ပြည့် အမှတ်တရအခမ်းအနား)
၈:၁၀	လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်းစာဖတ်စို့
၈:၁၅	Activities in the City (ပညာတန်ဆောင်စာပေပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနား) [အထက(၃)ဗဟန်း တတိယအကြိမ်မြတ်ဆရာပူဇော်ပွဲ]
၈:၄၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Blessing Floral & Gift Shop)
၉:၁၀	**၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား**
၁၂:၀၅	သထုံမြို့မှ မြတ်ဆရာဂုဏ်ရည်မှန်း ပူဇော်ကန်တော့ပန်း
၁၂:၂၀	Activities in the City [အမက(၁)ဗဟန်း၏ အိမ်တွင်းမှုလက်ရာပြပွဲပြိုင်ပွဲ]
၁၂:၄၀	ဆီထိုဂွမ်းကဲ့သို့ ပီတိလွှမ်းခဲ့ရသော စလင်းမြေ
၁:၀၀	**ကုသိုလ်ရှိရ ဝမ်းမြောက်ရ** တရားတော် (ဆရာတော်ဓမ္မဒူတ ဒေါက်တာ အရှင်ဝိမလ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး
၂:၄၀	The Champion of Dance
၃:၁၀	FMF Selection
၃:၄၀	မြန်မာပြည်ရဲ့ပါရမီ
၃:၅၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **မဟောသီရဲ့ ဂျလေဘီ**
၄:၂၅	သောက်သုံးရေလုံလောက်စွာဖြန့်ဖြူးနိုင်ရေး မြို့တော်စည်ပင်အလေးပေး
၄:၄၅	ဂီတသမားတို့ရဲ့ရင်ခုန်သံများ (ဒီရေတိုး)
၅:၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	Sunday Talk (ဒါရိုက်တာ မောင်သီ၊ မျိုးမြတ်သူ၊ ကောင်းထက်ဇော်၊ ဇင်အောင်အောင်)
၆:၄၅	ဗီဒီယိုပြခန်း
၇:၀၀	အနုပညာမိုးကောင်းကင်
၇:၂၅	ဈေးဝယ်လမ်းညွှန် (အံ့သြဖွယ်ရာများနဲ့ Jeuno Skin Care)
၇:၄၅	စာအုပ်ပြခန်း (Teenager Magazine တာဝန်ခံ အယ်ဒီတာ လင်းသက်ခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း **နောက်ဆံတင်းတာကောင်းတယ်၊ နောက်ဆံမတင်းတာကောင်းတယ်**
၉:၃၀	**၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား**
၁၂:၃၀	Celebrity Choice (မိုးအောင်ရင်)
၁၂:၅၅	International Show Biz
၁:၁၅	ရိုးရာအစဉ်အလာ··· ယဉ်ကျေးမှုအဖြာဖြာ··· ပုဂံမြို့ရဲ့ ယွန်းပြတိုက်မှာ
၁:၃၀	စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
၁:၅၅	နှလုံးကျန်းမာသက်ရှည်ရန် သိဖွယ်နည်းလမ်းများ (ပထမပိုင်း) (ပါမောက္ခဒေါက်တာမြသိန်းဟန်)
၂:၁၅	ဆင်လိမ္မာတို့နားခိုရာ မြိုင်ဟေဝန်စခန်းမှာ
၂:၄၀	**လေ့ကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အရိုင်း၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၂:၅၀	ကိုယ်ပိုင်ဟန်ဖက်ရှင် (ရွှေရောင်ကြယ်ပွင့်ပျူမင်းသား)
၃:၀၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၅	မြတ်နိဗ္ဗာန်သို့မျှော်မှန်း အနာဂါမ် ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ် တရားစခန်း
၄:၂၀	နေရောင်ခြည်မှသည် လျှပ်စစ်စွမ်းအင်ဆီသို့
၄:၃၅	ဖြစ်ထွန်းအောင်မြင် စိုက်ပျိုးဥယျာဉ် (မင်းကွတ်)
၅:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၂၄	Bolton - Chelsea	ESPN(Live)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်နှင့်ပတ်သက်သော အထောက်အကူပြု သင်ခန်းစာများကို နှစ်ပိုင်းခွဲပြီး ရှင်းလင်းတင်ပြပါမည်။ ပထမပိုင်းမှာ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံကို တင်ပြပြီး ဒုတိယပိုင်းမှာ စာမေးပွဲမေးခွန်းဖြေဆိုပုံ ဖြေဆိုနည်းနှင့် သတိပြုရမည့်အချက်များကို ရှင်းလင်းတင်ပြပါမည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းပုံစံ

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာကို အပိုင်း(က)နှင့် အပိုင်း (ခ) ဆိုပြီး နှစ်ပိုင်းခွဲခြား မေးထားပါသည်။ အပိုင်း(က) တွင် မဖြေမနေရ ဖြေဆိုရမည့် မေးခွန်းနှစ်ပုဒ်မေးထားပါသည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂) ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)ကို (၃)မျိုးခွဲခြားထားရာ ပေးထားသည့် ဖော်ပြချက်များကို မှား/မှန် ဖြေဆိုရမည့်မေးခွန်း၊ ကွက်လပ်ဖြည့်မေးခွန်းနှင့် ရွေးချယ်မှုမေးခွန်းတို့ ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၂)မှာ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းတွင် အဓိပ္ပာယ်ဖွင့်ဆိုရမည့် ဝေါဟာရများကို ပေးထားပြီး ယင်းတို့အထဲမှ နှစ်သက်ရာ(၁၀)ခုကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ ဒသမတန်းဘောဂဗေဒ သင်ရိုးစာအုပ်တွင် ရေးသားဖော်ပြထားသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တိတိကျကျပြည့်ပြည့်စုံစုံရေးသားနိုင်လျှင် အမှတ်ပြည့်ရရှိနိုင်မှာ ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်း၏ အပိုင်း(က)တွင် မေးထားသည့် မေးခွန်းနံပါတ်(၁)နှင့် မေးခွန်းနံပါတ်(၂)တွင် ပါဝင်သည့်မေးခွန်းများသည် ပြဋ္ဌာန်းသင်ရိုးစာအုပ်ပါ အခန်း(၆) ခန်းစလုံးနှင့် သက်ဆိုင်သော မေးခွန်းများဖြစ်ပါသည်။ မေးခွန်းနံပါတ်(၁)နှင့် မေးခွန်းနံပါတ်(၂) နှစ်ပုဒ်ပေါင်းအတွက် စုစုပေါင်းရရှိနိုင်သည့် အမှတ်မှာ (၄၀) ဖြစ်ပါသည်။ မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ် (၂)ကို ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်လျှင် အမှတ်(၄၀) အပြည့် ရရှိနိုင်ပါသည်။

မေးခွန်းလွှာ၏အပိုင်း(ခ)မှာ စုစုပေါင်းမေးခွန်း (၄)ပုဒ်ပေးထားပါသည်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)၊ (၆) တို့ဖြစ်ပါသည်။ ထို(၄)ပုဒ်မှ နှစ်သက်ရာ(၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါသည်။ မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅) တို့မှာ ပုံစံတူမေးခွန်းများ ဖြစ်ပါသည်။ မေးခွန်းတစ်ပုဒ်စီတွင် (က)နှင့် (ခ) ဟူ၍ အပိုင်းနှစ်ပိုင်းစီပါဝင်ပြီး (က) အပိုင်းတွင် မေးခွန်းရှည်ဖြစ်ပြီး (ခ) အပိုင်းတွင် မေးခွန်းတို(၄)ပုဒ် မေးထားပါသည်။ (ခ)အပိုင်း မေးခွန်းတိုသည် မှတ်စုတိုရေးရန်ဖြစ်ပြီး ယင်းမေးခွန်းတို (၄)ပုဒ်မှ မိမိကြိုက်နှစ်သက်ရာ (၂) ပုဒ်ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုမည့် ကျောင်းသူ၊ ကျောင်းသားများအနေဖြင့် (က)အပိုင်း မေးခွန်းရှည်ကို ရွေးချယ်ဖြေဆိုပါက (ခ) အပိုင်းမှ မှတ်စုတို မေးခွန်း(၂)ပုဒ် ဖြေဆိုရန်မလိုသကဲ့သို့ (ခ)အပိုင်း၏ မေးခွန်းတို့ကို ရွေးချယ်ဖြေဆိုပါကလည်း (က)အပိုင်း၏ မေးခွန်းရှည်ကို ဖြေဆိုရန်မလိုပေ။ (က) အပိုင်း မေးခွန်းရှည်တစ်ပုဒ်တည်းအတွက် အမှတ်(၂၀) ပေးထားပြီး (ခ) အပိုင်း မှတ်စုတိုအတွက် တစ်ပုဒ်စီလျှင် (၁၀)မှတ်နှင့် နှစ်ပုဒ်အတွက် အမှတ်(၂၀) ပေးထားပါသည်။

နောက်ဆုံးမေးခွန်းဖြစ်သည့် မေးခွန်းနံပါတ် (၆) သည် ညာဏ်စမ်းမေးခွန်းဖြစ်ပြီး ပေးထားသည့် စာရင်းအင်းကိန်းဂဏန်းများကိုအခြေခံပြီး မျဉ်းကွေးများနှင့် ပုံများရေးဆွဲခြင်း၊ တွက်ချက်သုံးသပ်ဖြေဆိုခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၆)တွင် မေးခွန်း (၃)ပုဒ် (က)၊ (ခ)၊ (ဂ) ပါဝင်ပြီး ယင်း (၃)ပုဒ်မှ နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်ပါသည်။

ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်း၏ အပိုင်း(ခ)အတွက် ပေးမှတ်စုစုပေါင်းမှာ အမှတ်(၆၀) ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ် မေးခွန်းလွှာပုံစံကို ခြုံပြီးပြောရလျှင် မေးခွန်းအမျိုးအစား (၅)မျိုး ပါဝင်သည့် မေးခွန်း (၆)ပုဒ်ပေးထားသော မေးခွန်းလွှာ ဖြစ်ပါသည်။ မေးခွန်းအမျိုးအစား (၅)မျိုးမှာ (၁)ဓမ္မဓိဋ္ဌာန်မေးခွန်း၊ (၂)အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်း၊ (၃)မှတ်စုတိုမေးခွန်း၊ (၄)မေးခွန်းရှည်နှင့် (၅) ညာဏ်စမ်းမေးခွန်းတို့ ဖြစ်ပါသည်။ မေးထားသည့်မေးခွန်း (၆)ပုဒ်အနက် အပိုင်း(က)တွင် ပါဝင်သည့် မေးခွန်းနံပါတ် (၁)နှင့် မေးခွန်းနံပါတ်(၂)တို့သည် မဖြေမနေရမေးခွန်းများဖြစ်ပြီး အပိုင်း(ခ)တွင် ပါဝင်သည့် မေးခွန်း(၄)ပုဒ်တွင် မိမိနှစ်သက်ရာ (၃)ပုဒ်ကို ရွေးချယ်ဖြေဆိုရမည်ဖြစ်သည့်အတွက် စုစုပေါင်းမေးခွန်း (၅) ပုဒ် ဖြေဆိုရမည်ဖြစ်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲမေးခွန်းဖြေဆိုပုံဖြေဆိုနည်း

တက္ကသိုလ်ဝင်စာမေးပွဲဘောဂဗေဒဘာသာရပ် မေးခွန်းလွှာတွင်ပါဝင်သည့် မေးခွန်း(၆)ပုဒ်ကို ဖြေဆိုသည့်အခါ မည်ကဲ့သို့ဖြေဆိုရမည်ကို မေးခွန်းတစ်ပုဒ်ချင်း ရှင်းလင်းသွားပါမည်။

မေးခွန်းနံပါတ် (၁) သည် ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်သည့် မှား/မှန် မေးခွန်းဖြစ်၍ ဖြေဆိုသည့်အခါ မေးခွန်းကို သေသေချာချာဖတ်ပြီး သဘောပေါက်နားလည်အောင်စဉ်းစားပြီးမှ (မှား) သို့မဟုတ် (မှန်)ဟု ဖြေဆိုရမည်။ ဥပမာ-

ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေးသည် မူရင်းအမှတ်မှခုံးနေခြင်းမှာ ကျဆင်းနေသော အခွင့်အလမ်းစရိတ်ကြောင့်ဖြစ်သည်။ ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းလျှင် အဖြေမှန်မှာ 'မှား' ဖြစ်ပါသည်။ အဘယ်ကြောင့် 'မှား'သည်ဆိုခြင်းမှာ ပြဋ္ဌာန်းစာအုပ်၏ အခန်း(၁) အပိုင်း၁-၄တွင် 'ထုတ်လုပ်နိုင်မှု အခြေပြမျဉ်းကွေး မူရင်းအမှတ်မှ ခုံးနေခြင်းသည် တိုးတက်နေသော အခွင့်အလမ်းစရိတ်သဘောကိုဖော်ပြသည်' ဟု ဖော်ပြထားကြောင်း သတိပြုနိုင်ပါသည်။

မေးခွန်းနံပါတ်(၁)မှ ကွက်လပ်ဖြည့်မေးခွန်းက ဖြေဆိုနိုင်ရန် ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင်ဖတ်ရှုလေ့လာမှတ်သားထားရန်လိုပါသည်။ ပေးထားသည့် စာကြောင်း၏ ကွက်လပ်ထဲတွင် တိကျသော စကားလုံးများကို ရေးသားဖြည့်စွက်ရမည်ဖြစ်ပါသည်။ ဥပမာ- 'ကုန်စည်တစ်ခုသည် အခြားကုန်စည်တစ်ခုနှင့် တူညီသောအာနိသင်များရှိပြီး တစ်ခု၏နေရာတွင် အခြားတစ်ခုကိုအစားထိုး အသုံးပြုနိုင်ပါက ယင်းတို့ကို----များဟုခေါ်သည်။ ဟုမေးထားလျှင် ကွက်လပ်ဖြည့်ရမည့် စကားလုံးမှာ 'အစားထိုးကုန်စည်များ' ဖြစ်ပါသည်။ယင်းကိုပြဋ္ဌာန်းစာအုပ်၏ အခန်း(၂) အပိုင်း(၂-၃) တွင်ဖော်ပြထားပါသည်။

မေးခွန်းနံပါတ်(၁)မှ ရွေးချယ်မှု မေးခွန်းကိုဖြေဆိုနိုင်ရန်လည်း ဖြေဆိုရာတွင်အဖြေမှန်ဖြစ်သည့် စာစုကိုသာ ဖြေဆိုရပြီး မေးခွန်းစာကြောင်းကို ပြန်လည်ကူးပေးရန်မလိုပါ။ ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင်ဖတ်ရှု လေ့လာမှတ်သားထားရန် လိုပါသည်။

ဥပမာ - လူ့အဖွဲ့အစည်းအားလုံး၏ အခြေခံစီးပွားရေးပြဿနာမှာ (က) အင်အားစုခွဲဝေမှု ပြဿနာ၊ (ခ) ကုန်စည်ထုတ်လုပ်မှုပြဿနာ၊ (ဂ) လုပ်ငန်းဆုံးရှုံးမှုပြဿနာဖြစ်သည်။ ဟုမေးထားလျှင် ဖြေဆိုရမည့်အဖြေမှန်မှာ (က) ဖြစ်ပြီး ယင်းကိုပြဋ္ဌာန်းစာအုပ်၏ အခန်း(၁) အပိုင်း၁-၃တွင် ဖော်ပြထားပါသည်။ ဤမေးခွန်းတွင်လည်း အဖြေမှန် (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) ကိုသာ ဖြေရန်ဖြစ်ပြီး မေးခွန်းစာကြောင်း ပြန်ကူးရန်မလိုပါ။ တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းအပိုင်း (က)တွင် မေးထားသည့် မေးခွန်းနံပါတ်(၁)အတွက် အခြေခံပညာ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်ကော်မတီမှ ထုတ်ဝေထားသည့် ဒသမတန်းဘောဂဗေဒဖတ်စာအုပ်တွင် သင်ခန်းစာအခန်းတိုင်း၏ အဆုံး၌ ထိုမေးခွန်းပုံစံများကို လေ့ကျင့်ရန် ပေးထားသည်များကို လေ့လာနိုင်ပါသည်။

မေးခွန်းနံပါတ်(၂)အဓိပ္ပာယ်ဖွင့်ဆိုချက်မေးခွန်းမှာ ပေးထားသည့် ဝေါဟာရများ၏ အဓိပ္ပာယ်ဖွင့်ဆိုသည့်အခါ ပြဋ္ဌာန်းစာအုပ်တွင်ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ရေးသားရမှာဖြစ်ပြီး အဓိပ္ပာယ်ပြည့်စုံအောင်ရေးမှ အမှတ်ပြည့်ရမှာ ဖြစ်ပါသည်။ ဥပမာ- 'ချက်လက်မှတ်'ကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ချက်လက်မှတ်ဆိုသည်မှာ လက်မှတ်ပေါ်တွင် ရေးသားထားသော ငွေကိုလက်ခံရရှိမည့်သူသို့ ဘဏ်မှထုတ်ပေးရန် ရေးသားထားသော ညွှန်ကြားချက် ဖြစ်သည်။ ဟုဖြေဆိုလျှင် အမှတ်ပြည့်ရမည်မဟုတ်ပါ။ 'ချက်လက်မှတ် ဆိုသည်မှာ လက်မှတ်ပေါ်တွင် ရေးသားဖော်ပြထားသော ငွေပမာဏက လက်ခံရရှိမည့်သူသို့ ဘဏ်မှ ထုတ်ပေးနိုင်ရန်အတွက် ရေးသားထားသော ညွှန်ကြားချက်တစ်ရပ် ဖြစ်သည်။' ဟုအပြည့်အစုံ ဖြေဆိုမှသာ အမှတ်ပြည့်ရမည် ဖြစ်ပါသည်။

မေးခွန်းနံပါတ် (၃)၊ (၄)၊ (၅)မှ မေးခွန်းရှည် သို့မဟုတ် မှတ်စုတိုနှစ်ပုဒ်ကို ရွေးချယ်ဖြေဆိုရာတွင် မေးခွန်းမှာပါရှိသည့် အကြောင်းအရာနှင့် ပတ်သက်သော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပထမရေးပြီးမှ ရှင်းလင်းချက်များကို ဆက်ရေးရမည်ဖြစ်ပါသည်။ ဥပမာ - ဝယ်လိုအား၏အပြန်အလှန် အလျော့အတင်းကို မှတ်စုရေးသားဖြေဆိုမည်ဆိုလျှင် ပထမဦးစွာ ဝယ်လိုအား၏အပြန်အလှန်အလျော့အတင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုဖော်ပြပြီး ပုံသေနည်း၊ အလျော့အတင်းလက္ခဏာ(၃)မျိုး၊ ဆက်စပ်မှု ရှင်းလင်းချက် ဥပမာများနှင့် ရှင်းလင်းဖော်ပြရမည် ဖြစ်ပါသည်။

မေးခွန်းရှည် ဖြေဆိုပုံဥပမာပေးရမည်ဆိုလျှင် -အပြည်ပြည်ဆိုင်ရာငွေပေးချေမှုနည်းလမ်းများကို ပြည့်စုံစွာ ရှင်းပြပါ။ ဟုမေးထားလျှင် ပထမဦးစွာ အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုနည်းလမ်း အဘယ်ကြောင့် လိုအပ်သည်ကို ရှင်းပြပြီးမှ အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုနည်းလမ်းများကို ဆက်လက်ရှင်းပြရမည် ဖြစ်ပါသည်။ မေးခွန်းနံပါတ်(၃)၊ (၄)၊ (၅)တို့မှာ ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၁)မှ အခန်း (၆)အထိ အကြောင်းအရာများကို မေးခွန်းတစ်ပုဒ်လျှင် သီးသန့်အခန်းတစ်ခန်းစီမှ မေးထားခြင်းမျိုး မဟုတ်ဘဲ အခန်း (၁)မှ (၆)အထိ အကြောင်းအရာများကို ရောပြီး မေးထားနိုင်ပါသည်။

နောက်ဆုံးမေးခွန်းဖြစ်သည့်မေးခွန်းနံပါတ် (၆) ကို အထူးရှင်းပြလိုပါသည်။ မေးခွန်းနံပါတ် (၆)ကို (က)၊ (ခ)၊ (ဂ) ခွဲထားပြီး နှစ်သက်ရာ (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါသည်။ မေးခွန်းများမှာပေးထားသည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံပြီး မျဉ်းကွေးများ/ ပုံများရေးဆွဲခြင်း၊ တွက်ချက်ပြီးရရှိသည့်အဖြေများကို သုံးသပ်တင်ပြခြင်းများ ပြုလုပ်ရမည်ဖြစ်ပါသည်။ မေးခွန်းသည် ပေးထားသည့် ကိန်းဂဏန်းများကို အခြေခံပြီး မျဉ်းကွေးများရေးဆွဲခိုင်းပါက တိကျမှန်ကန်စွာ ရေးဆွဲရမည်ဖြစ်ပါသည်။

ဥပမာ- ဝယ်လိုအားနှင့် ရောင်းလိုအားဆန်းစစ်မှု အခြေခံမူအခန်းမှ ကုန်စည်များ၏ အချက်အလက်များ ပေးထားပြီး ဝယ်လိုအားနှင့် ရောင်းလိုအားမျဉ်းကွေးများ ရေးဆွဲ၍ အားမျှအရေအတွက်နှင့် ဈေးနှုန်းအပေါ် အကျိုးသက်ရောက်ပုံကိုလည်း တွက်ချက်သုံးသပ်ခိုင်းနိုင်ပါသည်။ ဥပမာ - မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် စပါးဈေးကွက်၏ အားမျှအခြေအနေပေါ် အကျိုးသက်ရောက်ပုံကို ပုံဆွဲ၍ ဝေဖန်သုံးသပ်ပါ။ ဟု မေးထားပါက -

မုန်တိုင်းတိုက်ခတ်ခြင်းသည် ယေဘုယျအားဖြင့် စပါးအထွက် (ထုတ်လုပ်မှု)ကို လျော့ကျစေမည် ဖြစ်သည်။ ထို့ကြောင့် စပါးထုတ်လုပ်မှု လျော့နည်းခြင်းသည် စပါးရောင်းလိုအားကို လျော့စေမည်ဖြစ်ရာ ဝယ်လိုအား မပြောင်းလဲသည့် အခြေအနေတွင် ရောင်းလိုအား လျော့နည်းသွားခြင်းကြောင့် ဈေးကွက်တွင်အရောင်းအဝယ် ပြုလုပ်သော အားမျှဈေးနှုန်း မြင့်တက်လာပြီး အားမျှကုန်စည်အရေအတွက် လျော့သွားမည် ဖြစ်သည်။

မုန်တိုင်းတိုက်ခတ်ခြင်းကြောင့် စပါးဈေးကွက်အပေါ်အကျိုးသက်ရောက်ပုံ



စာမျက်နှာ ၁၆ ကော်လံ ၁ သို့

24-1 (15).pmd 1 1/24/2011, 6:04 AM

စာမျက်နှာ ၁၅ မှ အဆက်

ပုံတွင် DD သည် မူလဝယ်လိုအားမျဉ်းကွေး၊ SS သည် မူလရောင်းလိုအားမျဉ်းကွေး ဖြစ်သည်။ DD နှင့် SS ဖြတ်ရာ အမှတ် E သည် မူလအားမျှခြေအမှတ်ဖြစ်၍ မူလအားမျှ ဈေးနှုန်းသည် OP_0 ဖြစ်ပြီး မူလအားမျှ စပါးအရေအတွက်သည် OQ_0 ဖြစ်သည်။ သို့ရာတွင် မိုးခေါင်ခြင်းကြောင့် မူလရောင်းလိုအားမျဉ်းကွေးသည် လက်ဝဲဘက်သို့ ပြောင်းရွှေ့သွားပြီး ရောင်းလိုအားမျဉ်းကွေးအသစ် S_1S_1 ကို ဖြစ်ပေါ်စေသည်။ S_1S_1 သည် DD မျဉ်းကွေးကို အမှတ် E_1 တွင်ဖြတ်၍ အားမျှဈေးနှုန်းအသစ် OP_1 နှင့် အားမျှစပါးအရေအတွက် OQ_1 ကို ဖြစ်ပေါ်စေမည်။ ဤတွင် ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သည့် အားမျှဈေးနှုန်း OP_0 သည် OP_1 သို့ မြင့်တက်လာပြီး အားမျှအရေအတွက်သည် OQ_0 မှ OQ_1 သို့ လျော့နည်းသွားမည်ဖြစ်သည်။ ထို့ကြောင့် မိုးခေါင်ခြင်းသည် ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်သည့် စပါးဈေးနှုန်း မြင့်တက်လာပြီး စပါးအရေအတွက် လျော့သွားမည် ဖြစ်ကြောင်း သုံးသပ်တင်ပြနိုင်ပါသည်။

ထို့ပြင် ဝယ်လိုအားနှင့် ရောင်းလိုအား ကိန်းဂဏန်းများပေးထားပြီး အောက်ပါအတိုင်းပေးထားပြီး တွက်ချက်ခိုင်းသည်ဆိုပါစို့။

ကုန်စည် x ၏ဝယ်လိုအားနှင့် ရောင်းလိုအား

ဈေးနှုန်း(ကျပ်)	အရေအတွက် (ခုရေထောင်ပေါင်း)	
	ဝယ်လိုအား	ရောင်းလိုအား
၃၀၀၀	၁၀၀	၄၀၀
၂၈၀၀	၁၅၀	၃၀၀
၂၆၀၀	၂၀၀	၂၀၀
၂၄၀၀	၂၅၀	၁၀၀
၂၂၀၀	၃၀၀	၀

(က) အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက်မည်မျှဖြစ်သနည်း။

(ခ) ကုန်စည် X ၏ ဈေးနှုန်းမှာ ကျပ် ၂၄၀၀ဖြစ်ပါက ဈေးကွက်အခြေအနေမည်သို့ရှိမည်နည်း။

(က) ကိုဖြေဆိုရာတွင် အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဦးစွာ ဖြေဆိုရပါမည်။ ထို့နောက် အားမျှဈေးနှုန်းနှင့် အားမျှအရေအတွက်ကို ဖြေဆိုရပါမည်။ ပုစ္ဆာအရ အားမျှဈေးနှုန်းမှာ (၂၆၀၀) ကျပ် ဖြစ်ပြီး အားမျှအရေအတွက်မှာ (၂၀၀)ခုရေထောင်ပေါင်း ဖြစ်ပါသည်။

(ခ) ကိုဖြေဆိုရာတွင် 'ကုန်စည် X ၏ဈေးနှုန်းမှာ ကျပ် ၂၄၀၀ဖြစ်ပါက ဝယ်လိုအားအရေအတွက်မှာ (၂၅၀)ခုရေ ထောင်ပေါင်းဖြစ်ပြီး ရောင်းလိုအားအရေအတွက်မှာ (၁၀၀)ခုရေ ထောင်ပေါင်းဖြစ်သောကြောင့် ဈေးကွက်တွင် ဝယ်လိုအားအပိုအလျှံ (၂၅၀-၁၀၀=၁၅၀) ခုရေ ထောင်ပေါင်းဖြစ်ပေါ်မည်' ဟု ဖြေဆိုရပါမည်။

အခန်း (၃) တိုင်းပြည်ဝင်ငွေနှင့် ပတ်သက်ပြီး နိုင်ငံတစ်နိုင်ငံ၏ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများ ပေးထားပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန် GDP၊ စုစုပေါင်း တိုင်းပြည်ထုတ်ကုန် GNP၊ အသားတင်တိုင်းပြည်ထုတ်ကုန် NNP ကို တွက်ချက်ခိုင်းသည့်မေးခွန်း မေးနိုင်ပါသည်။ ယင်းတို့ကို တွက်ချက်နိုင်ရန် တိုင်းပြည်ဝင်ငွေ တွက်ချက်နည်း သုံးနည်းဖြစ်သည့် အသုံးစရိတ်နည်း၊ ကုန်ထွက်နည်းနှင့် ဝင်ငွေနည်းတို့ကို သေသေချာချာ မှတ်သားထားရန်လိုပါသည်။ ဥပမာ-ကုန်ထွက်နည်းဖြင့် မေးခဲ့သည်ဆိုပါက ကဏ္ဍအလိုက် ကုန်ထွက်စုစုပေါင်း (အင်အားစုအခဈေးနှုန်း)မှ လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုးကို နုတ်လိုက်ပါက GDP (အင်အားစုအခဈေးနှုန်း)ကို ရရှိပါမည်။ ယင်းမှ အခွန်အကောက်ကိုပေါင်းပြီး ထောက်ပံ့ကြေးကိုနုတ်ပါက GDP (ဈေးကွက်ပေါက်ဈေး)ကို ရပါမည်။ ယင်းထဲမှ နိုင်ငံခြားသို့ အသားတင်ပေးရသောဝင်ငွေကိုနုတ်ပါက GDP (ဈေးကွက်ပေါက်ဈေး) ကိုရရှိပါမည်။ သတိပြုရမည့် အချက်တစ်ချက်မှာ ပေးထားသော ကိန်းဂဏန်းများသည် ကျပ်သန်းပေါင်းဖြင့် ပေးထားသည်ဆိုပါက ကျပ်သန်းပေါင်း ထည့်ပေးရန်လိုပါသည်။ ကျပ်သန်းပေါင်းမထည့်ပါက အဖြေမှန်ထွက်ရှိနေသော်လည်း အမှတ်ပြည့် ရနိုင်မည် မဟုတ်ပါ။

ဥပမာ (၁) - နိုင်ငံတစ်နိုင်ငံ၏ ၂၀၀၃/၂၀၀၄ ခုနှစ် အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းများကို ၁၉၉၀/၁၉၉၁ခုနှစ် ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

အကြောင်းအရာ	ကျပ်သန်းပေါင်း
ကဏ္ဍအလိုက်ကုန်ထွက်စုစုပေါင်း (အင်အားစုအခငွေဈေးနှုန်း)	၆၀၈၃၀
လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုး	၁၆၂၀၀
အခွန်ကောက်	၃၆၅၀
ထောက်ပံ့ကြေး	၁၈၆၀
နိုင်ငံခြားသို့ အသားတင်ပေးရသော ဝင်ငွေ	၄၅၀၀
ချွတ်ယွင်းပြုန်းတီးမှုတန်ဖိုး	၇၈၀၀

အဆိုပါနိုင်ငံ၏ဈေးကွက်ပေါက်ဈေးအရတွက်ချက်ထားသော GDP, GNP နှင့် NNP တို့ကိုရှာပါ။

ကဏ္ဍအလိုက်ကုန်ထွက်စုစုပေါင်း (အင်အားစုအခငွေဈေးနှုန်း)	ကျပ်သန်းပေါင်း	၆၀၈၃၀
(-) လုပ်ငန်းချင်းအသုံးပြုမှုတန်ဖိုး	။	- ၁၆၂၀၀
GDP(အင်အားစုအခငွေဈေးနှုန်း)	။	၄၄၆၃၀
(+) အခွန်ကောက်	။	၃၆၅၀
		၄၈၂၈၀
(-)ထောက်ပံ့ကြေး	။	- ၁၈၆၀
GDP (ဈေးကွက်ပေါက်ဈေး)	။	၄၆၄၂၀
(-)နိုင်ငံခြားသို့အသားတင်ပေးသောဝင်ငွေ	။	- ၄၅၀၀
GNP(ဈေးကွက်ပေါက်ဈေး)	။	၄၁၉၂၀
(-)ချွတ်ယွင်းပြုန်းတီးမှုတန်ဖိုး	။	- ၇၈၀၀
NNP(ဈေးကွက်ပေါက်ဈေး)	။	၃၄၁၂၀

ဥပမာ(၂)- နိုင်ငံတစ်နိုင်ငံ၏ ၂၀၀၄ခုနှစ်အတွက် တိုင်းပြည်ဝင်ငွေဆိုင်ရာကိန်းဂဏန်းများကို ၁၉၉၆ခုနှစ် ပုံသေဈေးနှုန်းများအရ အောက်ပါဇယားတွင် ဖော်ပြထားသည်။

အကြောင်းအရာ	ကျပ်သန်းပေါင်း
စားသုံးမှုတန်ဖိုး	၄၅၉၅၈
ရင်းနှီးမြှုပ်နှံမှုတန်ဖိုး	၂၂၆၃၅
အစိုးရအသုံးစရိတ်	၃၃၅၇၅
ပို့ကုန်တန်ဖိုး	၇၅၂၈
သွင်းကုန်တန်ဖိုး	၆၁၀၆
နိုင်ငံခြားသို့အသားတင်ပေးရသောဝင်ငွေ	-၃၂၂
ပြုန်းတီးမှုတန်ဖိုး	၇၃၈၂

(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန်

(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်

(၃) အသားတင်တိုင်းပြည်ထုတ်ကုန်တို့ကို တွက်ချက်ပါ။

(၁) စုစုပေါင်းပြည်တွင်းထုတ်ကုန်(GDP) = စားသုံးမှုတန်ဖိုး (C) + ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (I)+ အစိုးရအသုံးစရိတ်(G) + ပို့ကုန်တန်ဖိုး(X) - သွင်းကုန်တန်ဖိုး(M)
= ၄၅၉၅၈ + ၂၂၆၃၅ + ၃၃၅၇၅ + ၇၅၂၈ - ၆၁၀၆
= ၁၀၃၅၉၀ ကျပ်သန်းပေါင်း

(၂) စုစုပေါင်းတိုင်းပြည်ထုတ်ကုန်(GNP) = စုစုပေါင်းပြည်တွင်း ထုတ်ကုန် - နိုင်ငံခြားသို့အသားတင်ပေး ရသောဝင်ငွေ
= GDP - NIPA
= ၁၀၃၅၉၀ - (- ၃၂၂)
= ၁၀၃၉၁၂ ကျပ်သန်းပေါင်း

(၃)အသားတင်တိုင်းပြည်ထုတ်ကုန်(NNP) = စုစုပေါင်းတိုင်းပြည်ထုတ်ကုန်(GNP) - ပြုန်းတီးမှုတန်ဖိုး
= ၁၀၃၉၁၂ - ၇၃၈၂
= ၉၆၅၃၀ ကျပ်သန်းပေါင်း

အခန်း(၆) အပြည်ပြည်ဆိုင်ရာစီးပွားရေးဆက်သွယ်မှုနှင့်ပတ်သက်ပြီး ကုန်ဖလှယ်မှုအချိုးနှင့် ပတ်သက်၍ တွက်ချက်သည့်မေးခွန်းလည်းမေးနိုင်ပါသည်။ ပြဋ္ဌာန်းစာအုပ်ပါ ကုန်ဖလှယ်မှုအချိုးတွက်ချက်မှုများကို သေသေချာချာမှတ်သားထားရန်လိုပါသည်။ ဥပမာအားဖြင့် (၁) ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း နိုင်ငံတစ်နိုင်ငံ၏ ပို့ကုန်ဈေးဆနှုန်းကိန်းမှာ ၇၅.၇ ဖြစ်၍ သွင်းကုန်ဈေးဆနှုန်းကိန်းမှာ ၇၂.၂ ဖြစ်ခဲ့လျှင် ထိုနှစ်အတွက်ယင်းနိုင်ငံ၏ ကုန်ဖလှယ်မှုအချိုးကို တွက်ချက်သုံးသပ်ပြပါ။ (၂) အကယ်၍ ၂၀၀၃ - ၂၀၀၄ ခုနှစ်တွင် ထိုနိုင်ငံ၏ သွင်းကုန်ဈေးဆနှုန်းကိန်းမှာ ၇၆.၃ သို့ မြင့်တက်လာပါက ထိုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကိုတွက်ချက် သုံးသပ်ပြပါ။ ဟူ၍ မေးထားပါက

ပထမဦးစွာ ၂၀၀၂-၂၀၀၃ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို တွက်ချက်ရပါမည်။ တွက်ချက်သည့်အခါ ပေးထားချက်များဖြစ်သည့် -

၂၀၀၂-၂၀၀၃ ခုနှစ်အတွက် ပို့ကုန်ဈေးဆနှုန်းကိန်း = ၇၅.၇
သွင်းကုန်ဈေးဆနှုန်းကိန်း = ၇၂.၂ ရေးပြီး

ပုံသေနည်းဖြစ်သည့်

ကုန်ဖလှယ်မှုအချိုး = ပို့ကုန်ဈေးဆနှုန်းကိန်း / သွင်းကုန်ဈေးဆနှုန်းကိန်း × ၁၀၀ တွင် အစားသွင်းခြင်း ဖြင့်တွက်ချက်နိုင်ပါသည်။

= ၇၅.၇ / ၇၂.၂ × ၁၀၀ = ၁၀၄.၈ အဖြေထွက်ခဲ့လျှင်

ယင်းအဖြေကိုသုံးသပ်ပြရပါမည်။ ၂၀၀၂-၂၀၀၃ခုနှစ်အတွက်ပေးထားသော ကုန်ဖလှယ်မှုအချိုး ၁၀၄.၈ ဖြစ်၍ နိုင်ငံ၏ကုန်ဖလှယ်မှုအချိုး တိုးတက်လာပြီး ထိုနိုင်ငံအတွက် အခွင့်သာစေပါသည်ဟု သုံးသပ်နိုင်ပါသည်။ ဆက်လက်၍ ၂၀၀၃ - ၂၀၀၄ ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုးကို ဆက်လက်တွက်ချက်နိုင်ပါသည်။

၂၀၀၃-၂၀၀၄ ခုနှစ်အတွက်

ပို့ကုန်ဈေးဆနှုန်းမှာ = ၇၅.၇
သွင်းကုန်ဈေးဆနှုန်းမှာ = ၇၆.၃

ကုန်ဖလှယ်မှုအချိုး = ပို့ကုန်ဈေးဆနှုန်းကိန်း / သွင်းကုန်ဈေးဆနှုန်းကိန်း × ၁၀၀

= ၇၅.၇ / ၇၆.၃ × ၁၀၀ = ၉၉.၂

ယင်းတွက်ထားသော အဖြေကို သုံးသပ်ပြရမည်ဆိုပါက ၂၀၀၃-၂၀၀၄ခုနှစ်အတွက် ကုန်ဖလှယ်မှုအချိုး ၉၉.၂ ဖြစ်၍ ကျဆင်းသွားသောကြောင့် ထိုနိုင်ငံအတွက် အခွင့်မသာသော ကုန်ဖလှယ်မှုအချိုးဖြစ်သည်ဟု သုံးသပ်နိုင်ပါသည်။

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်ဖြေဆိုမယ့် တပည့်များကို နောက်ဆုံး မှာကြားလိုတာကတော့ မေးခွန်းအပိုင်း(က)နှင့် အပိုင်း(ခ)နှစ်ခုစလုံးမှာ သီးသန့်တစ်ခန်းစီမှမေးထားခြင်းမျိုး မဟုတ်ဘဲ အခန်း (၁)မှ အခန်း (၆) အထိ အကြောင်းအရာသဘောတရားတွေကိုရောမေးထားခြင်းကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြဋ္ဌာန်းထားတဲ့ ဒသမတန်းဘောဂဗေဒစာအုပ်မှာပါတဲ့ အခန်းအားလုံးကို နားလည် သဘောပေါက်ပြီး ကျေညက်အောင် ဖတ်ရှုမှတ်သားထားပြီဆိုလျှင် တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ ကောင်းစွာဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
  ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် အမျိုးသားအကျိုးစီးပွား ဘက်တော်သား မီဒီယာသမားကောင်းများဖြစ်အောင် ကျင့်သုံး

ဒီမိုကရေစီစနစ်အတွင်းမှ တိုင်းပြည်နှင့် လူမျိုးအကျိုး ထိထိရောက်ရောက်ဖော်ဆောင်ပေး

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)ချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင် ကဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့ ၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဘောဂဗေဒဘာသာသင်ခန်းစာကို ဖော်ပြထားပါသည်။